၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.813, May 8, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အာဆီယံထိပ်သီးစည်းဝေးသို့ ဗွီဒီယိုရုပ်သံမိန့်ခွန်းပြော

**Irrawaddy । မေ ၃ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အာဆီယံခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီဖြစ်ထွန်းတိုးတက်ရေးနှင့်ပတ်သက်၍ ကူညီရန်ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပသည့် ၁၈ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ အာဆီယံနိုင်ငံများ၏ လူထုအခြေပြု လူမှုအဖွဲ့အစည်း CSO များအစည်းအဝေးသို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုရုပ်သံ ဖိုင်ဖြင့်ပေးပို့သည့်မိန့်ခွန်းတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

ယင်းမိန့်ခွန်းတွင် "ကျမတို့အနေနဲ့ အင်ဒိုနီးရှားရဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ကို အားကျလေးစားပါတယ်၊ ဒီလိုဖြစ်အောင်စီစဉ်ဆောင်ရွက်မှုတွေနဲ့ပတ်သက်တဲ့နည်းနာတွေကိုလည်းရယူလိုပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုထားသည်။

အဆိုပါ အာဆီယံလူထုအခြေပြု လူမှုအဖွဲ့အစည်းများ၏ အစည်းအဝေးကို ယနေ့မှစ၍ မေလ ၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ပေါင်း ၁၃၀၀ ခန့် တက်ရောက်ကြောင်းသိရသည်။

ယင်းအစည်းအဝေးသို့ အင်ဒိုနီးရှား ဒု သမ္မတ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီးနောက် တက်ရောက်လာသူများက အာဆီယံနိုင်ငံများ၏ ဒေသတွင်းပြဿနာများကို ဆွေးနွေးကြကြောင်း ထိုအစည်းအဝေးတက်ရောက်သူ ပြည်ပအခြေစိုက်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်၏ ဥက္ကဋ္ဌ မခင်ဥမ္မာကပြောသည်။

ထိုအစည်းအဝေးတွင် အာဆီယံ ၁၀ နိုင်ငံရှိ လူထုအခြေပြု လူမှုအဖွဲ့အစည်းများမှ မေ ၇ – ၈ တွင် ကျင်းပမည့် ၁၈ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ ကိုယ်စားပြုတက်ရောက်မည့်သူ ၁၀ ဦးကို ရွေးချယ်မည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ခွင့်နှင့်ပတ်သက်၍ ပြည်ပအခြေစိုက် ဒီမိုကရေစီရေးနှင့်လူ့အခွင့်ရေးလှုပ်ရှားသည့်အဖွဲ့အစည်းများနှင့်ပြည်တွင်းမှ အစိုးရကျောထောက်နောက်ခံပေးထားသည့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများအကြား အငြင်းပွားမှုများဖြစ်နေ သည်။

ပြည်ပအခြေစိုက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးလှုပ်ရှားသည့် လူမှုအဖွဲ့အစည်းများတွင် မခင်ဥမ္မာဦးဆောင်သည့် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက်၊ ဦးအောင်မျိုးမင်းဦးဆောင်သည့် လူ့အခွင့်အရေး ပညာပေးရေးဌာန - မြန်မာနိုင်ငံ HREIB စသည့် အဖွဲ့ အစည်းများပါဝင်ကြောင်းသိရသည်။

ပြည်တွင်းအဖွဲ့များကို မြန်မာအစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့နှင့် လူ့အခွင့်အရေးကိုယ်စားပြုကော်မရှင်ဥက္ကဋ္ဌ ရဲမှူးကြီးဟောင်း စစ်အေး၊ Asian Myanmar Business Organise မှ ဒေါက်တာနေဇင်လတ် စသည့်သူများကို ရွေးချယ်၍စေလွှတ်ခဲ့သည်။

မခင်ဥမ္မာက"အစည်းအဝေးတက်ရောက်ခွင့်အတွက် မြန်မာအစိုးရသစ်ကလွှတ်လိုက်တဲ့ အစိုးရအရာရှိတွေ၊ စီးပွားရေးပိုင်းက အဖွဲ့တွေနဲ့ အပြိုင်အဆိုင်ဖြစ်လိမ့်မယ်"ဟု ဧရာဝတီသို့ပြောသည်။

ရဲမှူးကြီးဟောင်းစစ်အေးနှင့်ဒေါက်တာနေဇင်လတ်တို့သည် ပြီးခဲ့သည့်ရက်ပိုင်းကမှ မြန်မာအစိုးရ၏ ဥပဒေရေးရာအကြံပေးနှင့် နိုင် ငံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များအဖြစ် ခန့်အပ်ခြင်းခံရသူများဖြစ်သည်။

ယနေ့ နေ့လယ်တွင် အဆိုပါ အာဆီယံအစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံ ၁၀ နိုင်ငံမှ လူထုအခြေပြုကိုယ်စားလှယ် ၁၀ ဦးကိုရွေးချယ်ကာ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်

**စာမျက်နှာ ၃ သို့**

**မြန်မာနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ မဖြစ်သင့်** — **စာမျက်နှာ ၃**

**နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ နာရေးကူညီမှု အသင်းက လက်မှတ်ထိုး** — **စာမျက်နှာ ၅**

**ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးဆောင်းပါး ရောင်းအားကောင်း** — **စာမျက်နှာ ၁၀**

**စီးပွားရေးလုပ်ငန်းရှင် ဦးတေဇမိသားစု အီတလီ သွားခွင့်ရကြောင်း** — **စာမျက်နှာ ၁၄**

**မြန်မာသမတဦးသိန်းစိန် ပထမဦးဆုံး နိုင်ငံခြား ခရီးစဉ်ထွက်ခွာ** — **စာမျက်နှာ ၁၉**

# နာဂစ်မုန်တိုင်းသင့်ဒေသ ပြန်လည်နလံမထူသေး အကူအညီများလိုအပ်ဆဲ

**RFA၊ ၆မေ ၂။** ။ နာဂစ်မုန်တိုင်းတိုက်ခတ်ခံရပြီး ၃ နှစ်ကြာတဲ့အထိ မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ဧရာဝတီတိုင်းဒေသတချို့မှာ ပြန်လည်ထူထောင်ရေးတွေ အခက်အခဲတွေကြုံနေရဆဲပဲလို့သိရပါတယ်။

နာဂစ်မုန်တိုင်းဒဏ်အပြင်းအထန်ခံခဲ့ရတဲ့ဘိုကလေးမြို့နယ်ကမတ်ကလူကျေးရွာမှာ မုန်တိုင်းကြောင့်ပျက်စီးမှုတွေ အခုအထိပြန်ပြီးနာလန်မထူနိုင်သေးတဲ့အကြောင်း ဒေသခံတဦးကပြောပါတယ်။

"နာဂစ်တုန်းက ကျွန်တော်တို့ဧရိယာကိုဖြတ်တိုက်တာ။ ကျွန်နော်တို့ရွာဆိုလို့ရှိရင် ၈၅ ရာခိုင်နှုန်းလောက်က အကုန်ပျက် သွားတာ။ မလုပ်နိုင်ဘူး၊ အရင်အတိုင်းကိုမလုပ်နိုင်တော့ဘူး။ မလုပ်နိုင်ဘူးဆိုတာ နည်းနည်းပါးပါးပျက်စီးတဲ့လူသာရှိမယ်လေ။ များများစားစားဖြစ်တဲ့လူက အိမ်အကြီးကနေအသေးလေး ဖြစ်သွားတယ်။ အသေးဆောက်ချင်တဲ့လူက မဆောက်နိုင်ဘူး။ သူတို့ လာဆောက်ပေးတဲ့အိမ်လေးတွေမှာ နေကြတာပေါ့။"

အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေဖြစ်တဲ့ ရေလုပ်ငန်းနဲ့ဓနိသက်ကယ်လုပ်ငန်းတွေမှာလည်း အခက်အခဲတွေကြုံနေရတယ်လို့ ဆက်ပြောပြပါတယ်။

"ဓနိလုပ်ငန်းကတော့ တော်တော်များများအဆင်မပြေဘူး။ အဆင်မပြေဘူးဆိုတာ ဓနိစျေးကလည်းမကောင်းဘူး။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီက အဲဒီ ဓနိပင်တွေကိုယ်တိုင်ကိုကမဖြစ်ထွန်းဘူး။ အရင်လို အသားလည်းမကောင်းဘူး။ ရေသိပ်မရဘူး။ ပထမနာဂစ်ဖြစ်ပြီး နောက်တနှစ်ရတယ်။ ရပြီးတော့ အခု နောက်ပိုင်းလည်း ကျလည်းကျရောပြန်ဆုတ်သွားတယ်။ ယခင်ကိုပြန်မမီဘူး။"

ကမတ်ကလူကျေးရွာဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် ပညာရေးဝန်ထမ်းတွေရှားပါးလို့ ကလေးတွေရဲ့ပညာရေးလည်းဆိုးရွားနေတယ်လို့ဆိုပါတယ်။ ကျန်းမာရေးတွေအတွက် တော့အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအလုပ်သမားအဖွဲ့ IOM ရဲ့ အထောက်အပံ့ရနေတဲ့အတွက် ဆိုးဆိုးရွားရွားရောဂါဝေဒနာဖြစ်ပွားတာ အဲဒီဒေသမှာမရှိသေးဘူးလို့သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် မေလ ၂ ရက် နဲ့ ၃ ရက်နေ့ တွေက ဧရာဝတီဒေသကို နာဂစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားခဲ့တဲ့အတွက် လူပေါင်း အနည်းဆုံး ၁ သိန်း ၄ သောင်းခန့် အသက်ဆုံးရှုံးခဲ့တယ်လို့ခန့်မှန်းထားပါတယ်။

---

## ဆည်ရေမလွှတ်၍ လယ်သမားများ အခက်တွေ့

**DVB၊ ၆မေ ၆။** ။ မကွေးတိုင်း ရေစကြိုမြို့နယ်တွင်းက ကျေးရွာတချို့မှာ ဒေသခံ အာဏာပိုင်တွေက နွေစပါးစိုက်ခိုင်းပြီး ဆည်ရေမလွှတ်ပေးတဲ့အတွက် လယ်သမားတွေ စပါးပျက်စီးရမယ့် အခြေအနေဖြစ်နေကြရပါတယ်။

ရေစကြိုမြို့နယ်မြေပဲတောင်ကျေးရွာကလယ်သမားတွေကိုအာဏာပိုင်တွေက နွေစပါး စိုက်ခိုင်းပြီး စပါးပင်ကြီးထွားလာချိန် ဆည်ရေ မလွှတ်ပေးတဲ့အတွက် စပါးပင်ပျက်စီးရမယ့် အခြေအနေဖြစ်နေပါတယ်။ အာဏာပိုင်တွေက ငွေ ၅ သိန်းပေးမှ ဆည်ရေလွှတ်ပေးမယ်လို့ ပြောဆိုတဲ့အတွက် တောင်သူတွေ အခက်ဖြစ်ရပုံကို ဒေသခံတဦးက အခုလို ပြောပြပါတယ်။

"ဆည်က ဧ ၁၀၀ ကျော်ကို ပေးနိုင်တဲ့ ရေလွှတ်ဆည်ကြီးဖြစ်တယ်။ အဲဒီမှာ ဆည်တာဝန်ခံအောင်ကိုဝင်းက လယ်သမားတွေကို ရေ အပြည့်အဝမပေးတဲ့အတွက် လယ်ယာမြေတွေက အသီးသီးပြီးတော့ ရေအပြည့်အဝမရောက်တဲ့အတွက် ပျက်စီးရမယ် အခြေအနေမျိုးဖြစ်နေတယ်။"

"ရေလွှတ်ပေးဖို့ ပြောတာကို ဦးအောင်ကိုဝင်းက ငွေပေးမှ ရေလွှတ်ပေးမယ် ပြောတဲ့အတွက် လယ်သမားတွေကလည်း မဖြစ်ထွန်းနိုင်တဲ့ နွေစပါးကိုစိုက်လည်း စိုက်ရသေးတယ်ငွေပေးမှ ရေလွှတ်ပေးမယ်ဆိုတော့ လယ်သမားတွေက အပင်ပျက်စီးမယ့် အခြေအနေမျိုး ဖြစ်နေတယ်။ လယ်သမားအယောက် ၂၀ အတွက် ငွေ ၅ သိန်း တောင်းတယ်။"

မြေခဲတောင်ရွာမှာ လယ်သမား ၂၀ ရှိပြီး လယ်ဧ ၄၀ ရှိတယ်လို့ သူက ပြောပါတယ်။ လယ်သမားတွေ အခုလိုအခက်အခဲဖြစ်တဲ့အတွက်သက်ဆိုင်ရာဒေသခံအာဏာပိုင်တွေကို တိုင်ကြားခဲ့ပေမယ့် အရေးယူပေးမှုမရှိဘူးလို့ ဆိုပါတယ်။ ဒီအခြေအနေတွေနဲ့ပတ်သက်ပြီး မြေခဲတောင်ဆည်ကို ဆက်သွယ်ဖို့ကြိုးစားခဲ့ပေမယ့် မရရှိခဲ့ပါ။

---

## စာနယ်ဇင်းလွတ်လပ်ခွင့်အကင်းမဲ့ဆုံး မြန်မာနိုင်ငံ

**RFA၊ ၆မေ ၃။** ။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ စာနယ်ဇင်း လွတ်လပ်ခွင့် အကင်းမဲ့ဆုံး ၁၀ နိုင်ငံထဲမှာ ဒုတိယမြောက်အဆိုးဆုံးဖြစ်တယ်လို့ အမေရိကန်အခြေစိုက် Freedom House အဖွဲ့က မနေ့ကအစီရင်ခံစာသစ်တစောင် ထုတ်ပြန်လိုက်ပါတယ်။

ကမ္ဘာတဝှမ်းက ၁၉၆ နိုင်ငံရဲ့ ၂၀၁၀ ခုနှစ်အတွင်း စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေတွေကိုဖော်ပြထားတာဖြစ်ပြီး မြန်မာနိုင်ငံဟာ အရင်နှစ်တွေကလို အဆိုးဝါးဆုံးစာရင်းထဲမှာ ဆက်လက်ပါဝင်နေတယ်လို့ Freedom House အဖွဲ့က အကြီးတန်းသုတေသီ Karin Karlekar ကပြောပါတယ်။

ကမ္ဘာပေါ်မှာ စာနယ်ဇင်းလွတ်လပ်ခွင့်အဆိုးဆုံး ၁၀ နိုင်ငံစာရင်းထဲမှာ ဘယ်လာရုစ်၊ မြန်မာ၊ ကျူးဘား၊ အီကွေတိုးရီးယယ်လ်ဂီနီ၊ အီရန်၊ လစ်ဗျား၊ မြောက်ကိုရီးယား စတဲ့ နိုင်ငံတွေပါဝင်ကြောင်း ပြောပါတယ်။ အဲဒီနိုင်ငံတွေမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အစိုးရက ချုပ်ကိုင်ထားပြီး အစိုးရနဲ့အမြင်မတူတဲ့ စာနယ်ဇင်းသမားတွေကို ဖမ်းဆီးထောင်ချနှိပ်စက်မှုတွေရှိနေတယ်လို့ဆိုပါတယ်။

ဒီအတောအတွင်းအမေရိကန်အခြေစိုက်စာနယ်ဇင်းလွတ်လပ်ခွင့်စောင့်ကြည့်ရေးအဖွဲ့တခုဖြစ်တဲ့CPJအဖွဲ့ကလည်းကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အထိမ်းအမှတ်အဖြစ်အွန်လိုင်းမီဒီယာကိုအဆိုးဝါးဆုံးနည်းလမ်း ၁၀ ခုနဲ့ ထိန်းချုပ်ထားမှုအကြောင်း အစီရင်ခံစာသစ်တစောင် မနေ့က ထုတ်ပြန်လိုက်ပါတယ်။

ဒီအစီရင်ခံစာအရ အီရန်နိုင်ငံမှာ အစိုးရက အင်တာနက် ဝက်ဆိုက်တွေကိုပိတ်ပင်တဲ့နည်းကိုအသုံးပြုနေပြီး တရုတ်နိုင်ငံမှာတော့ အင်တာနက်သုံးစွဲသူတွေရဲ့ ကွန်ပျူတာတွေထဲက အရေးကြီးတဲ့ အချက်အလက်တွေကို ခိုးယူဖို့ သူလျှိုဆော့ဖ်ဝဲလ်တွေ စေလွှတ်တိုက်ခိုက်တဲ့နည်းကို အသုံးပြုနေကြောင်း၊ အလားတူ ဆီးရီးယားနိုင်ငံမှာဆိုရင် အင်တာနက်ဘလော့ဂ်ရေးသားသူတွေကို ဖမ်းဆီးထောင်ချနေပြီး မြန်မာနိုင်ငံမှာတော့ ပြည်ပအခြေစိုက် သတင်းမီဒီယာဝဘ်က်ဆိုက်ကို DDoS နည်းပညာနဲ့ပစ်မှတ်ထား တိုက်ခိုက်တဲ့နည်းလမ်းရော၊ ပြည်ပအခြေစိုက် မြန်မာသတင်းဌာနတွေရဲ့ ဝက်ဘ်ဆိုက်တွေကို ပြည်တွင်းမှာ ကြည့်ရှုလို့မရအောင် ဆင်ဆာလုပ်ပိတ်ပင်တဲ့နည်းလမ်းပါ အသုံးပြုနေတယ်လို့ ဖော်ပြထားပါတယ်။

# မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မဖြစ်သင့်

**VOA | မေ ၆ ။** ။ လက်ရှိမြန်မာနိုင်ငံတွင်းက နိုင်ငံရေးနဲ့လူ့အခွင့်အရေးဆိုင်ရာအနေအထားတွေအရမြန်မာနိုင်ငံဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌမဖြစ်သင့်ဘူး၊ လက်ခံဖို့မဖြစ်နိုင်ဘူးလို့ CRPP ပြောပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေကိုဆန်းစစ်ပြီး အာဆီယံအဖွဲ့ကြီးအနေနဲ့ တာဝန်ပေးဖို့ကိုစဉ်းစားဖို့ကောင်းတယ်လို့လည်း CRPP အဖွဲ့ကဆိုပါတယ်။

လာမယ့် ၂၀၁၄ ခုနှစ်အတွက် အာဆီယံအဖွဲ့ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံကိုတာဝန်ပေးဖို့ကိစ္စကို မြန်မာအစိုးရကိုယ်တိုင်က လိုလိုလားလားလက်ခံချင်တယ်ဆိုတဲ့ သဘောထားတွေရှိကြောင်း အခု အာဆီယံထိပ်သီးဆွေးနွေးပွဲကို လက်ခံကျင်းပပေးနေတဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံခြားရေးဌာနကသတင်းထုတ်ပြန်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံဟာ လက်ရှိအခြေအနေမှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌမဖြစ်သင့်သေးဘူးလို့ CRPP အဖွဲ့က အတွင်းရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

"လောလောဆယ် နိုင်ငံတွင်းမှာဖြစ်နေတဲ့ နိုင်ငံရေးစံ လူ့အခွင့်အရေးစံတွေနဲ့ကတော့ ဖြစ်လာဖို့ လက်ခံဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ထင်ပါတယ်။ လူ့အခွင့်အရေးနဲ့ပတ်သက်လို့သော်လည်းကောင်း တခြား နိုင်ငံရေးနဲ့ပတ်သက်လို့သော်လည်းကောင်း လောလောဆယ်မှာတော့ မရှိဘူးပေါ့။

"ဒါကြောင့် အာဆီယံဥက္ကဋ္ဌဖြစ်ဖို့အတွက် မြန်မာနိုင်ငံက တောင်းဆိုလာတဲ့အခါမှာ အာဆီယံအနေနဲ့ လက်ခံသင့် မခံသင့် စဉ်းစားတဲ့အခါမှာ ကုလသမဂ္ဂရဲ့ နောက်ဆုံး လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်ဟာ အတော်လေးပြည့်လည်း ပြည့် စုံတယ် ကောင်းလည်းကောင်းတယ်၊ အဲဒီ အချက်အလက်တွေကို စံနမူနာထားပြီးတော့ စဉ်းစားဖို့သင့်တယ်လို့ အန်ကယ်တို့အနေနဲ့ ဆွေးနွေးဆုံးဖြတ်ကြပါတယ်။"

အခုတက်လာတဲ့ မြန်မာအရပ်သားအစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးပြီး အတိုက်အခံတွေရော တိုင်းရင်းသားအဖွဲ့တွေပါ အားလုံးပါဝင်တဲ့ စစ်မှန်တဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တခု တကယ်ဖြစ်လာမှသာ စဉ်းစားသင့်တယ်လို့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့တွေနဲ့အတူ AIPMC လို့ခေါ်တဲ့ မြန်မာ့အရေး အာဆီယံလွှတ်တော်အမတ်များအဖွဲ့ကလည်း ဝေဖန်ကန့်ကွက်နေတာပါ။ အခုဆိုရင် စစ်အုပ်ချုပ်မှုကနေ အရပ်သားအစိုးရပြောင်းလိုက်တာ တလကျော်ကြာရှိနေပြီဖြစ်ပေမဲ့ နိုင်ငံတွင်းမှာ တိုးတက်တဲ့နိုင်ငံရေး အပြောင်းအလဲမပြနိုင်သေးသလို အခြေခံကျတဲ့ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးတယ်ဆိုတဲ့ ကိစ္စတွေကိုတောင် မလုပ်သေးဘူးလို့လည်း ထောက်ပြကြပါတယ်။

အာဆီယံ အစည်းအဝေးအတွက် နိုင်ငံရေးအကျဉ်းသား တွေကိုလွှတ်ပေးတာလုပ်လာမယ်ဆိုရင်လည်း အရင် စစ်အစိုးရ လက်ထက်ကလို ဟန်ပြလုပ်ရပ်တခုမဖြစ်လာဖို့လိုတယ်လို့ ဦးအေးသာအောင်ကဆိုပါတယ်။

"အခုက နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော် အားလုံးကို လွှတ်စေချင်တယ်။ ဒါပေမဲ့ ဒီလိုဖြစ်လာနိုင်လိမ့်မယ်လို့တော့ အန်ကယ်တို့မယုံရဲဘူးပေါ့။ နိုင်ငံရေးအကျဉ်းသားတချို့နဲ့ တခြားအကျဉ်းသားတွေကို လွှတ်ပေးလိမ့်မယ်လို့တော့ အန်ကယ်တို့ မျှော်လင့်ထားတယ်။"

အာဆီယံအလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံ မဖြစ်သင့်သေးဘူးဆိုတဲ့ အခုလို သုံးသပ်ချက်တွေအပြင် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေတွေကိုလည်း CRPP အဖွဲ့ဝင်တွေ ဒီကနေ့ ဆွေးနွေးခဲ့ကြပါတယ်။ အထူးသဖြင့် တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးတခုဖြစ်လာဖို့ ၂၁ ပင်လုံညီလာခံ ပေါ်ပေါက်လာရေးအတွက် စတင်နိုင်မယ့် အစီအစဉ်တွေကိုလည်း CRPP အဖွဲ့တွေ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါတယ်။

"၂၁ ပင်လုံညီလာခံနဲ့ပတ်သက်လို့ ပညာရှင်များဆီက စာတန်းတွေတောင်းမယ်၊ ဥပမာ ပညာရှင်ဆိုတဲ့နေရာမှာ ပြည်တွင်းရော ပြည်ပရောပေါ့။ အဲဒီပညာရှင်တွေကနေ ဒီစာတန်းကို ကိုယ်တိုင်လည်း လာဖတ်နိုင်တယ်၊ သို့မဟုတ် စာတန်းကိုပို့ပေးမယ်ဆိုရင်လည်း ဒီမှာပဲ စာတန်းကို ဖတ်မယ်ပေါ့။ အဲဒါကတော့ အဓိက အချက်အနေနဲ့ ဆွေးနွေးဆုံးဖြတ်ပါတယ်။ ဒီစာတန်းပါအချက်အလက်တွေကို စာအုပ်အနေနဲ့ထုတ်ရင်လည်း ထုတ်မယ်၊ ပြီးတော့မှ အန်ကယ်တို့ ၂၁ ရာစု ပင်လုံနဲ့ ဆက်လုပ်စရာရှိတာတွေကို ဆက်လုပ်မယ်ပေါ့။"

CRPP အဖွဲ့က အတွင်းရေးမှူးဦးအေးသာအောင် ပြောပြခဲ့တာဖြစ်ပါတယ်။ သမ္မတဦးသိန်းစိန်ဟာ မနက်ဖြန် စနေ တနင်္ဂနွေနေ့မှာ ကျင်းပမယ့် အာဆီယံထိပ်သီးဆွေးနွေးပွဲကိုတက်ဖို့ အခု အင်ဒိုနီးရှားနိုင်ငံကိုရောက်နေပါတယ်။ မြန်မာနိုင်ငံမှာ လမ်းပြမြေပုံ အဆင့်အတိုင်းဆောင်ရွက်ခဲ့တာ အောင်မြင်မှုတွေရခဲ့တယ်လို့ မနေ့က အင်ဒိုနီးရှားသမ္မတနဲ့တွေ့ဆုံစဉ်မှာပြောခဲ့သလို မြန်မာနိုင်ငံဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူလိုတာမို့ ဝိုင်းဝန်းထောက်ခံပေးဖို့ကိုလည်း ပြောခဲ့တယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ Marty Natalegawa က သတင်းထောက်တွေကို ပြောဆိုခဲ့ပါတယ်။

---

**မျက်နှာဖုံးမှ**

ဖြစ်ပြီး ပေးပို့လာသည့်စာရင်းမှ တက်ရောက်ခွင့်ရှိသူ စာရင်းကို ကြေညာမည်ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် အာဆီယံပဋိညာဉ်အရ နိုင်ငံခေါင်းဆောင်များနှင့် လူထုအခြေပြု လူမှုအဖွဲ့အစည်းများအကြား တွေ့ဆုံသည့် အစီအစဉ်ကိုပြုလုပ်ခြင်းဖြစ်ပြီး ထိုနှစ်မှာပင် မြန်မာနိုင်ငံကိုယ်စား ရွေးချယ်ခံခဲ့ရသည့်မခင်ဥမ္မာကို ဆွေးနွေးသည့်နေရာသို့ ဝင်ခွင့် မပြုရန် မြန်မာအစိုးရကကန့်ကွက်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကလည်း ထိုင်းနိုင်ငံတောင်ပိုင်း ချာအမ်းမြို့တွင်ကျင်းပသော အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် မြန်မာအပါအဝင် ၅ နိုင်ငံမှ ပြည်ပအခြေစိုက် လူထုအခြေပြု လူမှုအဖွဲ့အစည်း CSO များမှ ကိုယ်စားလှယ်များကို အစည်းအဝေး သို့ တက်ရောက်ခွင့် မပြုရန် အာဆီယံကဆုံးဖြတ်ခဲ့သည်။

# အရပ်သားအစိုးရဟုတ်မဟုတ် အာဆီယံလေ့လာသင့်

RFA

**အသံလွှင့်ဆောင်းပါး**

လာမယ့် ၂၀၁၄ ခုနှစ်မှာ အာဆီယံအဖွဲ့အလှည့်ကျဥက္ကဌအဖြစ်တာဝန်ယူလိုတယ်ဆိုတဲ့ မြန်မာနိုင်ငံအစိုးရရဲ့တင်ပြချက်နဲ့ ပတ်သက်လို့ လက်ရှိအာဆီယံအဖွဲ့ အလှည့်ကျဥက္ကဌဖြစ်နေတဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာနာတာလာဂဲဝါးကို တွေ့ဆုံမေးမြန်းပြီးတော့ RFA ပင်တိုင်ဆောင်းပါးရှင် Larry Jagen က ဂျာကာတာမြို့ကရေးသားပေးပို့လိုက်ပါတယ်။ မြန်မာနိုင်ငံကို မကြာခင်ကာလမှာ အာဆီယံကိုယ်စား လှယ်အဖွဲ့တဖွဲ့ သွားရောက်လေ့လာပြီးမှ ဆုံးဖြတ်လိမ့်မယ်လို့ ဝန်ကြီးကပြောတဲ့အကြောင်း ဆောင်းပါးမှာဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၆ ခုနစ်တုန်းက မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ရဲ့အလှည့်ကျဥက္ကဌတာဝန်ကို ရယူဖို့ရှိခဲ့ပေမယ့်လည်း လူ့အခွင့်အရေးချိုးဖောက်မှုတွေအမြောက်အများရှိနေပြီး ဒီမိုကရေစီရေးအပြောင်းအလဲတွေ ကင်းမဲ့နေတဲ့အတွက် နိုင်ငံအများရဲ့ကန့်ကွက်ခံရပြီး အဲဒီအခွင့်အရေး လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ အခု အရပ်သားအစိုးရဖွဲ့စည်းထားပြီမို့ ၂၀၁၄ ခုနစ်မှာ အလှည့်ကျဥက္ကဌလုပ်ချင်တယ်လို့ ပြောလာပေမယ့်လည်း ဒီအစိုးရကို အရင်စလိုနဲ့ဆုံးဖြတ်လက်ခံပြီးတော့ လိုက်လျောပေးဖို့ရည်ရွယ်ချက်မျိုး လောလောဆယ်မှာမရှိပါဘူးလို့ လက်ရှိအာဆီယံအဖွဲ့အလှည့်ကျဥက္ကဌအဖြစ်တာဝန်ယူနေတဲ့ အင်ဒိုနီး ရှားနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာနာတာလာဂဲဝါးက ပြီးခဲ့တဲ့ရက်ပိုင်းက ပြောကြားခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်မှာကျင်းပနေတဲ့အာဆီယံထိပ်သီးညီလာခံမှာ ကျနော်တွေ့ဆုံမေးမြန်းကြည့်တဲ့အခါမှာသူက အခုလို ပြောကြားခဲ့တာပါ။ အာဆီယံအဖွဲ့အနေနဲ့ မြန်မာနိုင်ငံကို အလှည့်ကျဥက္ကဌအဖြစ်ပေးဖို့ ဘေးကဖိအားပေးတာကိုလဲဘဲ လက်ခံမှာမဟုတ်ဘူးလို့လဲဘဲပြောပါတယ်။ အဲဒီဥက္ကဌနေရာကိုအပ် နှင်းဖို့ဆိုရင် တကယ်ဘဲ အဆင်သင့်ရှိနေပြီလားဆိုတာ အချက်အလက်ဖွေရှာမယ့် အာဆီယံကိုယ်စားလှယ်အဖွဲ့တဖွဲ့ မြန်မာနိုင်ငံကိုသွားရောက်ပြီးတော့ လေ့လာမှုဖြစ်တယ်ဆိုတာ အရင်လတုန်းက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးပွဲမှာ မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ပြောကြားလိုက်ပြီးပြီလို့လဲဘဲ သူကပြောပါတယ်။

ဦးသိန်းစိန်အစိုးရက အလှည့်ကျဥက္ကဌအနေရာကိုလိုချင်နေတော့ မေလ ၃ ရက်နေ့ကိုလာခဲ့ပါလို့ စကားပြန်ပါတယ်။ အဲဒီလောက်မြန်မြန်ဆန်ဆန်သွားဖို့ အချိန်ကပ်ပြီးတော့ပြောတာကိုကျတော့လဲဘဲ လက်မခံနိုင်ဘူးပေါ့ဗျာလို့ မစ္စတာ နာတာလာဂဲဝါးက ဆိုပါတယ်။ ဒီမှာကျနော်တို့အနေနဲ့ ထိပ်သီးညီလာခံအတွက် အလုပ်တွေရှုပ်နေတဲ့အချိန်မှာ မြန်မာအစိုးရရဲ့ အသုံးချသွားတာမျိုးကို ဘယ်ခံနိုင်ပါ့မလဲလို့လဲဘဲ သူကပြောပါတယ်။ ပြီးခဲ့တဲ့ ဂျန်နဝါရီလတုန်းက မြန်မာနိုင်ငံကိုလာခဲ့မယ်လို့ ဆိုတဲ့အခါတုန်းက မြန်မာခေါင်းဆောင်တွေက အစိုးရသစ်ဖွဲ့စည်းဖို့ အတွက် သူတို့အလုပ်များနေတယ် ရက်ရွှေ့ပါအုန်းလို့ ပြောကြားခဲ့ပါတယ်။

ဒါကြောင့် အလှည့်ကျဥက္ကဌ အင်ဒိုနီးရှားနိုင်ငံက ခေါင်းဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့တဖွဲ့သွားရောက်ရေးဟာ အင်မတန်အရေးကြီးပါတယ်လို့ နောက်တလ ဖေဖော်ဝါရီမှာ နိုင်ငံခြားရေး ဝန်ကြီးတွေက ဝိုင်းပြီးတော့ပြောခဲ့ကြပါသေးတယ်လို့လဲဘဲ သူကဆိုပါတယ်။နောက်သုံးနှစ်လောက်ကာလအတွင်းမှာ အာဆီယံအဖွဲ့ရဲ့အလှည့် ကျဥက္ကဌရာထူးကိုလက်ခံဖို့ မြန်မာအစိုးရဘက်က ဘာအပြောင်းအလဲတွေလုပ်မှာလည်းဆိုတာကို တိတိကျကျခံဝန်ချက်ပေးတာမျိုးဂတိကဝတ်ပြုတာမျိုး အာဆီယံအနေနဲ့လိုချင်ပါတယ်။ အခုလောလောဆယ်မှာ ဘာအပြောင်းအလဲ တွေပေါ်ထွက်နေပြီလဲ စတဲ့အချက် အလက်တွေကိုလဲဘဲ လေ့လာဖို့လိုပါတယ်။

အကျပ်ကိုင်တာ ခြိမ်းခြောက်တာမျိုးကို ကျနော်တို့က ရှောင်မှာပါ။ ကျနော်တို့အနေနဲ့ဖြောင့်ဖျမယ် အားပေးမယ်လို့လဲဘဲ သူကဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက ဗီယက်နမ်နိုင်ငံကအပြန်မှာ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနဲ့ လေယာဉ်ပျံပေါ်မှာ ကျနော်တို့စကားပြောကြရင်း မြန်မာနိုင်ငံအရေးကြောင့်အာဆီယံအဖွဲ့အနေနဲ့မျက်နှာပျက်ရတာတွေ မျက်နှာပူရတာတွေရှိခဲ့တယ်၊ ဒါပေမယ်လို့ အတင်းတွန်းတော့လဲဘဲ မြန်မာဘက်က ပြန်ပြီးတော့ တင်းတယ်၊ တိုးတိုးတိတ်တိတ်ဖြောင့်ဖျတော့လဲဘဲ အဖြေကမထွက်ဘူးလို့ သူကပြောခဲ့ပါတယ်။

အာဆီယံခေါင်းဆောင်တွေကတော့ ဦးသိန်းစိန်ဟာ အခြားဗိုလ် ချုပ်တွေနဲ့နှိုင်းဆာရင် ပိုပြီးတော့ ချင်းကပ်ပြောဆိုလို့လွယ်ကလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်။ ဒီနေရာမှာ ဆက်စပ်မိလို့ပြောရမယ်ဆိုရင် မကြာသေးခင်က ဘန်ကောက်မြို့မှာ နိုင်ငံခြားသတင်းထောက်တွေနဲ့ ညစာစားပွဲတခုမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအာဖီဆစ်ကလဲဘဲ သူတို့အနေနဲ့တခြားရွေးစရာလမ်းမရှိဘဲ မြန်မာခေါင်းဆောင်တွေနဲ့ ဆက်လက်ပြီးတော့ထိတွေ့စကားပြောသွားကြရမှာဘဲ အဲဒီလိုမှမလုပ်ရင်လဲဘဲ မြန်မာပြည်သူတွေရဲ့အခြေအနေဟာ ပိုပြီးတော့ ဆိုးလာစရာရှိတယ်လို့ ပြောသွားခဲ့ပါတယ်။

ဒ့ါအပြင် သူက တိုးတိုးတိတ်တိတ်နဲ့ မြန်မာနိုင်ငံမှာအပြောင်းအလဲလုပ်ဖို့ဆိုတာကတော့ အချိန်အများကြီးကို ကြာအုန်းမှာဘဲလို့ မှတ်ချက်ချသွားခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးကလည်း သူ့နိုင်ငံဟာ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီဘက်ကိုပြောင်းလဲရတာ လက်တွေ့မှာဘယ်လောက်ခက်ခဲတယ်ဆိုတာ ကိုယ်တွေ့မို့လို့မြန်မာအစိုးရကို အတွေ့အကြုံတွေမျှချင်ပါတယ်၊ သင်ခန်းစာတွေပြောပြစရာတွေရှိနေပါ တယ်လို့ဆိုပါတယ်။

မနေ့က ဂျာကာတာမြို့မှာဘဲကျင်းပတဲ့ အာဆီယံလူထုအခြေပြုအဖွဲ့အစည်းတွေစည်းဝေးပွဲကို လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ပေးပို့လိုက်တဲ့ ဗွီဒီယိုသဝဏ်လွှာမှာ အင်ဒိုနီးရှားနိုင်ငံရဲ့အတွေ့အကြုံတွေဟာ အတုယူစရာ အားထားစရာတွေပါလို့ ထည့်သွင်းပြောကြားသွားပါတယ်။ ဦးသိန်းစိန်အစိုးရအနေနဲ့လည်း အဲဒီလိုရှုမြင်ပြီးတော့ အင်ဒိုနီးရှားနိုင်ငံရဲ့အတွေ့အကြုံတွေကို ရယူအသုံးချနိုင်ဖို့လိုပါတယ်။ အများကတော့ မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်မှူးကြီးဟောင်းသန်းရွှေဟာ ကလကာနောက်ကွယ်ကနေပြီးတော့ ကြိုးကိုင်နေဆဲဘဲလို့ရှုမြင်နေကြပါတယ်။

ပြီးခဲ့တဲ့ ဧပြီလ ၂၇ ရက်နေ့ကထုတ်ဝေတဲ့သတင်းစာတွေမှာလည်း တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလို့ ရေးသားဖော်ပြခဲ့တာကိုတွေ့ရပါတယ်။ ဒီတော့ကား အရပ်သားအစိုးရပါလို့ ကြွေးကြော်နေကြသလို ဟုတ် မဟုတ် မှန်မမှန်ဆိုတာကို အာဆီယံအဖွဲ့ခေါင်းဆောင်အနေနဲ့မစ္စတာ နာတာလာဂဲဝါးက မျက်မြင်ကိုယ်တွေ့သွားရောက်ကြည့်ရှုချင်နေပါတယ်လို့ ဆောင်းပါးရှင် Larry Jagen ကရေးသားဖော်ပြထားပါတယ်။

# နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ နာရေးကူညီမှုအသင်းက လက်မှတ်ထိုး

**VOA ၊ မေ ၅ ။** ။ မြန်မာနိုင်ငံအကျဉ်းထောင်တွေထဲမှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုမှုတွေ အရှိန်အဟုန်မြင့်တက်လာနေချိန်မှာပဲ နာရေးကူညီမှုအသင်းကလည်း နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ကိစ္စ အစိုးရထံ လက်မှတ်ရေးထိုး တောင်းဆိုခဲ့ကြပါတယ်။

အခုလို လှုပ်ရှားတောင်းဆိုမှုတွေ အရှိန်မြင့်လာနေပေမဲ့ အစိုးရဘက်က တစုံတရာတုံ့ပြန်ခြင်းမရှိတာဟာ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စနဲ့ပတ်သက်ပြီး ထိပ်ပိုင်းခေါင်းဆောင်တွေကြား ညှိနှိုင်းလို့မရနိုင်သေးတဲ့အခြေအနေတွေကြောင့်ဖြစ်နိုင်တယ်လို့ သုံးသပ်တာတွေလည်း ရှိနေပါတယ်။

အသစ်တက်လာတဲ့ မြန်မာအရပ်သားအစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ တောင်းဆိုမှုတွေကို မြန်မာနှစ်ဆန်း ၁ ရက်နေ့က စတင်လိုက်ချိန်ကစပြီး ဒီနေ့အထိ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားမှုတွေက ပြည်တွင်းမှာရှိနေပါတယ်။ လူထုအခြေပြု လူငယ်ကွန်ရက်တွေကနေစတင်ခဲ့တဲ့ ဒီလှုပ်ရှားမှုတွေကို NLD ပါတီကလည်း အပြည့်အဝ ပူးပေါင်းပါဝင်ခဲ့သလို စာပေအနုပညာရှင်တွေကအစ ဝိုင်းဝန်းပြီး တောင်းဆိုမှုတွေထဲပါဝင်ခဲ့ကြပြီး အခု နာရေးကူညီမှုအသင်းကြီးကလည်း နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့အတွက် အစိုးရကိုလက်မှတ်ရေးထိုး တောင်းဆိုခဲ့ပါတယ်။

ပြည်တွင်းစစ်ရပ်စဲဖို့နဲ့ နိုင်ငံရေးပြဿနာတွေကင်းပြီး ငြိမ်းချမ်းတဲ့နိုင်ငံတခုဖြစ်လာဖို့လိုလားတဲ့ ဒီအဖွဲ့ကြီးအနေနဲ့ တရားမျှတပြီး မှန်ကန်စွာတောင်းဆိုတဲ့ ဒီလှုပ်ရှားမှုတွေအတွင်းမှာ အဖွဲ့သားတွေ အားလုံးပူးပေါင်းပါဝင်ဖို့ ဆုံးဖြတ်သဘောတူညီခဲ့ကြတယ်လို့ နာရေးကူညီမှုအသင်းရဲ့ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ကျော်သူက ပြောပါတယ်။

"ကျနော်တို့အသင်းက အသင်းသားတွေ အသင်းသူတွေ အားလုံးကနေပြီးတော့ သူတို့ဆန္ဒအလျောက် လက်မှတ်ဝိုင်းထိုးတာကို ကျနော်တင်လိုက်တာပါ။ အားလုံး ၁၀၈ ယောက်ရပါတယ်။ ဆက်ပြီးတော့လည်း ထိုးနေကြတုန်းပါပဲ။ ဒါက နောက်တသုတ် ထပ်တင်ရမှာပါ။ နေပြည်တော်တော့ တိုက်ရိုက်အဆက်အသွယ်မရှိဘူး။ အဲဒါကြောင့် NLD အဖွဲ့ကိုပဲ ကျနော်တို့ သွားပြီးပေးထားပါတယ်။ နိုင်ငံရေးအကျဉ်းသားတင်မကဘူး၊ အားလုံးငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြစ်စေချင်တဲ့အတွက် ကျနော်တို့ အဲဒီလက်မှတ်ကိုထိုးတာ။"

နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ကိုကျော်သူ ပြောသွားတာဖြစ်ပါတယ်။

စစ်အစိုးရကနေအရပ်သားအစိုးရအဖြစ် စတင်တာဝန်ပြောင်းယူချိန် မတ်လကစလို့ လွတ်ငြိမ်းချမ်းသာခွင့်တွေ လာနိုင်တယ်ဆိုပြီး အားလုံးကတွက်ထားပါတယ်။ တယောက်နဲ့တယောက် အပြန်အလှန် အခြေအနေတွေမေးမြန်းကြ စုံစမ်းကြတာမျိုးတွေနဲ့အတူ အစိုးရဘက်ကလည်း လိုက်လျောမှုတွေရှိလာနိုင်ပါတယ်ဆိုတဲ့မျှော်လင့်ချက်တွေက အားလုံးမှာရှိနေပါတယ်လို့ တောင်ကြီးထောင်မှာ နှစ်ရှည်ထောင်ဒဏ်အချခံထားရတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဂျင်မီရဲ့ညီမ မသန္တာယုကဆိုပါတယ်။

"ဖြစ်နိုင်မလားပေါ့၊ တယောက်နဲ့တယောက် ဒီလိုပဲ မျှော်လင့်ပြီး နေနေကြတာပဲ။ မျှော်တာတော့မျှော်နေကြတာပဲပေါ့၊ အကုန်လုံးက တခြားတွေ ဘာတွေ ညာတွေတော့ မသိပါဘူး၊ ကိုယ့်လူလွတ်တာပဲ လိုချင်တာပေါ့နော်။ အခု ဒီမှာ ပြောနေကြတာ လွတ်နိုင်တယ် ဘာညာဆိုကတည်းက ကိုယ်က အဲဒါကိုမျှော်လင့်နေတာပေါ့။ အစိုးရသစ်ဆိုတော့လည်း ပိုမျှော်လင့်တာပေါ့။"

ဒီမျှော်လင့်ချက်တွေကိုဖြစ်လာစေတဲ့ နောက်ထပ် အကြောင်းရင်းတွေကတော့ အင်ဒိုနီးရှားနိုင်ငံမှာ စတင်ကျင်းပနေပြီဖြစ်တဲ့ အာဆီယံထိပ်သီးဆွေးနွေးပွဲတွေကြောင့် လည်းပါပါတယ်။ ဒီဆွေးနွေးပွဲကို သမ္မတဦးသိန်းစိန်တက်မှာမို့ အာဆီယံနိုင်ငံတွေကြားမှာ မြန်မာ့အရေး ပြောဆိုမှုတွေ ဖိအားပေးမှုတွေ ရှိလာနိုင်တဲ့အပေါ် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးပါတယ်ဆိုတဲ့အကြောင်းနဲ့ တုံ့ပြန်နိုင်ဖို့တွေ ရှိတယ်ဆိုတဲ့ တွက်ချက်မှုတွေကြောင့်လည်း ပါဝင်ပါတယ်။

ဒါကြောင့် မနေ့ကနဲ့ ဒီနေ့တွေမှာတော့ နိုင်ငံရေးအကျဉ်းသားတွေလွတ်လာနိုင်တယ်ဆိုတဲ့ ထင်မြင်ချက်တွေနဲ့ အင်းစိန်ထောင်ရှေ့မှာ သတင်းသမားတွေစောင့်ဆိုင်းခဲ့ပေမဲ့ ဒီနေ့အချိန်ထိတော့ ဘာသတင်းမှမထူးလာသေးပါဘူး။

"မနက်မိုးလင်းကတော့ ရဲရယ်၊ ပေါ်ပေါ်ထင်ထင်သွားနေတဲ့ SB တယောက်လာမေးတယ်။ အခုညနေပိုင်းမှာ ဘာမှမရှိဘူး။ နောက် မီဒီယာတွေ ရှိတယ်။ မီဒီယာတွေက ဟိုနားတစု ဒီနားတစုနဲ့ ရှိတယ်။ နိုင်ငံရေးအကျဉ်းသားမိသားစုတွေကတော့ တယောက်တလေတော့ သတင်းကြားလို့ လာမေးတာတို့ မေးပြီး ပြန်သွားတာပေါ့။ ဒီ့ပြင် မရှိပါဘူး။"

ဒီနေ့ အင်းစိန်ထောင်ရှေ့က အခြေအနေ ဖြစ်ပါတယ်။

ဒီလို အနေအထားတွေအားလုံးကိုကြည့်ခြင်းအားဖြင့် အစိုးရသစ်ထဲက ထိပ်တန်းခေါင်းဆောင်ပိုင်းတွေထဲမှာရော အာဏာကနေအနားယူသွားပြီလို့ပြောနေတဲ့ စစ်ထိပ်တန်းခေါင်းဆောင်ပိုင်းကြီးတွေကြားမှာပါ သဘောတူညီချက်တွေ မရနိုင်သေးတဲ့အချက်တွေကြောင့် ဖြစ်နိုင်တယ်လို့ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်တဲ့ ဦးဝင်းထိန်ကသုံးသပ်ပါတယ်။

"General Amnesty ခေါ်တဲ့ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် လာလိမ့်မယ်လို့ထင်ခဲ့တာ။ အခုအချိန်က လနဲ့ချီကြာသွားပြီ။ အခု ထက်ထိမလာဘူးဆိုတော့ ကျနော်ကိုယ်တိုင်လည်း အံ့အားသင့်တယ်။ တဘက်ကလည်း စဉ်းစားကြည့်တော့ သူတို့ဘက်က ဗိုလ်ချုပ်ကြီးခင်ညွန့်တို့အဖွဲ့ကို လွှတ်ပေးသင့်သလား လွှတ်မပေးသင့်ဘူးလား သူတို့ စဉ်းစားပြီး အတွေးခေါင်နေသလား ဒါတချက်။

"နောက်တချက်က မင်းကိုနိုင်တို့ ကိုကိုကြီးတို့ဆိုတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ၆၅ နှစ်ချထားတော့ သူတို့ကလည်း ထွက်လာရင် နိုင်ငံရေးအရ လှုပ်ရှားမှုဆက်လုပ်မယ်ဆိုတော့၊ သူတို့ အစိုးရကလည်း နိုင်ငံတကာက လှိုက်လှိုက်လှဲလှဲမကြိုဆိုသေးတဲ့အခါကျတော့ စိုးရိမ်ပြီး ထိန်းထားသလားတော့မသိဘူး။ တွေးမိတာပဲ။ အခု မလာဘူးဆိုတဲ့အခါကျတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့အထဲမှာရော အရင်က

**စာမျက်နှာ ၇ သို့**

# အနာဂတ်မြန်မာ့စီးပွားရေးပညာရှင်များ အကြံပေးအဖွဲ့ ဖွဲ့ခြင်းနဲ့ပတ်သက်ပြီး ဦးမြင့် သုံးသပ်ချက်

**Mizzima | မေ ၃ ။** ။ သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရ အဖွဲ့ ဥပဒေအပိုဒ် ၂၃ (က) အရ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေး ဆိုင်ရာတို့တွင် အကြံပေးနိုင်ရန် အကြံပေးအဖွဲ့ ၃ ဖွဲ့ကို အဖွဲ့ဝင် ၉ ဦးဖြင့် ဧပြီလ ၁၉ ရက်နေ့တွင်ဖွဲ့စည်းခဲ့သည်။

ဤသည်မှာ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူအပြီး ၂၀ ရက်အကြာတွင်ဖွဲ့စည်းလိုက်ခြင်းဖြစ် သည်။ အကြံပေးအဖွဲ့ဝင်များအနေဖြင့် ခံစားခွင့်ရှိသည့်ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှသတ်မှတ်မည် ဖြစ်ပြီး ယင်းအတွက် ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေမှ ကျခံရမည် ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ ဥပဒေ အပိုဒ် ၂၃ (ခ) တွင် ဖော်ပြ ထားသည်။ နိုင်ငံရေးအကြံပေးအဖွဲ့တွင် ဦးကိုကိုလှိုင်၊ ဒေါက်တာ နေဇင် လတ်၊ ဦးရဲတင့်၊ စီးပွားရေးတွင် ဒေါက်တာဦးမြင့်၊ ဦးဆက်အောင်၊ ဒေါက်တာ တင်လှုမိုလ်၊ ဥပဒေအဖွဲ့တွင် ရဲမှူးကြီး စစ်အေး (အငြိမ်းစား)၊ ဒေါ်ခင်အေးမြင့်နှင့်ဦးသန်းကျော်တို့ဖြင့်ဖွဲ့စည်းခဲ့သည်။

ထိုအထဲမှ ဒေါက်တာဦးမြင့်သည် ရန်ကုန်စီးပွားရေးနှင့် ရန် ကုန်ပညာရေးတက္ကသိုလ်များ၊ နိုင်ငံရေးရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ ဘန်ကောက်အခြေစိုက် ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကော်မရှင်၊ အာရှနှင့်ပစိဖိတ်ဒေသရုံးတွင် ဖွံ့ဖြိုးမှုအနည်းဆုံးသောနိုင်ငံများ၏ သု တေသနနှင့်ဖွံ့ဖြိုးရေးမူဝါဒများ လေ့လာဆန်းစစ်ရေးဌာနခွဲမှူး၊ အထက် တန်းစီးပွားရေးပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အနာဂတ်မြန်မာ့စီးပွားရေးပညာရှင်များကို အကြံပေးအဖြစ် တာဝန်ထမ်းဆောင်စေခြင်းအပေါ်သုံးသပ်ချက် အကြံပေးအဖွဲ့အပေါ် ဒေါ်အောင်ဆန်းစုကြည်၏အမြင်၊ စီးပွားရေးအကြံပေးအဖွဲ့ကို ဝေဖန် မှုများအပေါ်အမြင် စသည်တို့ကိုသိရှိနိုင်ရန် ဆရာဦးမြင့်ကို မဇ္ဈိမ သ တင်းထောက်မျိုးသန့်က မေးမြန်းထားပါသည်။ အနောက်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်ပြီး သ ဘောထားအမြင်ကို မေးမြန်းသော်လည်း ဆရာကဖြေဆိုခြင်းမရှိခဲ့ပါ။

**Mizzima ။** ။ သမ္မတရဲ့စီးပွားရေးအကြံပေးဖြစ်လာပုံ ပြောပြ ပေးပါဆရာ။

**ဦးမြင့် ။** ။ "သူကဆရာ့ကိုခေါ်တွေ့ပြီးတော့မှ သူက အကြံပေးအ ဖြစ်လုပ်ပေးဖို့ ဆရာ့ကိုကမ်းလှမ်းတယ်။ ဆရာ့အနေနဲ့ကလည်း သူ နဲ့တွေ့ပြီးတော့ သူကမ်းလှမ်းတာကို လက်ခံတယ်။ ဒါပေမဲ့ အတိအကျ ဆွေးနွေးတာတော့မရှိသေးပါဘူး"

**Mizzima ။** ။ သမ္မတနဲ့တွေ့ဖြစ်ရင် ပထမဆုံးအနေနဲ့ ဆရာ့ အနေနဲ့ ဘာများအကြံပြုချက်ပေးဖြစ်မယ်ထင်လဲ။

**ဦးမြင့် ။** ။ "ဆရာ့အနေနဲ့ကတော့ သူ ဆရာ့ကိုတောင်းတဲ့ဟာ ပေးမှာပေါ့။ သူ့အနေနဲ့ ဆရာ့ကို ဘာများပြောစေချင်မလဲမသိဘူး။ သူပြောစေချင်တဲ့ဟာကို ဆရာကပြောမှာပဲ။ ဆရာ့အနေနဲ့ သွားပြီး တော့မှဆရာမလုပ်ဘူး"

**Mizzima ။** ။ ဆရာနဲ့ဒေါ်အောင်ဆန်းစုကြည်က ပုဂ္ဂိုလ်ရေး အရရင်းနှီးတယ်လို့သိရပါတယ်။ ဆရာတို့ဆုံဖြစ်တဲ့အချိန်တွေမှာ မြန် မာနိုင်ငံရဲ့စီးပွားရေးအခြေအနေတွေ ဆွေးနွေးဖြစ်တာရှိလားခင်ဗျာ။

**ဦးမြင့် ။** ။ "ဆရာနဲ့ သူနဲ့ကတော့တွေ့ဖြစ်ပါတယ်။ ဆွေးနွေးဖြစ်တာ တွေလည်းရှိပါတယ်။ ဘာတွေဆွေးနွေးလဲဆိုတော့ စီးပွားရေးနဲ့တော့ သိပ်မပတ်သက်ပါဘူး။ တချို့ဟာတွေကျတော့လည်း ဆရာ တို့နှစ် ယောက်လုံးက တူရိယာဝါသနာပါတယ်လေ။ ဂန္ထဝင်ဂီတ၊ မိုးဇက် အဲဒီအကြောင်းလေးတွေပြောဖြစ်ပါတယ်။ နောက် အလွှာပ သလ္လာပ အဲဒါလေးတွေပြောဖြစ်ပါတယ်"

**Mizzima ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ဆွေးနွေးဖြစ်တဲ့ စီး ပွားရေးအကြောင်းသိပါရစေခင်ဗျာ။

**ဦးမြင့် ။** ။ "စီးပွားရေးနဲ့ပတ်သက်တာကတော့ ယေဘုယျပဲ ဆွေး နွေးဖြစ်ပါတယ်။ ကျကျနနဆွေးနွေးဖြစ်တာတော့မရှိပါဘူး။ ဆရာ့အ နေနဲ့ကတော့ သူ့ကိုပြောနေတာက နိုင်ငံရေးလည်း လုပ်ပေါ့၊ စီးပွားရေး လုပ်ပေါ့၊ အဲဒါမျိုးပြောဖြစ်ပါတယ်။ နှစ်မျိုးသွားပါလို့ ပြောဖြစ်ပါတယ်။ သူကလည်း လက်ခံပါတယ်၊ အခုလက်ရှိလည်း သူ သွားနေပါတယ်"

**Mizzima ။** ။ သမ္မတရဲ့စီးပွားရေးအကြံပေးဖြစ်သွားတဲ့အပေါ် မှာ ဒေါ်အောင်ဆန်းစုကြည်က သဘောထားမှတ်ချက်တွေ ဆရာ့ကို အကြံဉာဏ်ပေးတာတွေကော ရှိလားဆရာ။

**ဦးမြင့် ။** ။ "အဲဒီတုန်းက အမိန့်စာတော့မထွက်သေးဘူးပေါ့လေ။ ဒါပေမဲ့ ကမ်းလှမ်းတာလည်းပြီးသွားပြီ၊ ဆရာလည်းလက်ခံလိုက်ပြီ။ အဲဒီ ဟာတွေလည်း ထွက်လာမယ်လို့တော့ ဆရာ့အနေနဲ့သိတယ် လေ။ သူ့အနေနဲ့တော့ စောပါသေးတယ်ပြောတယ်။ စောပါသေးတယ် ဆိုတာက ဘာဆက်လုပ်ရမလဲ ဘာလဲညာလဲပေါ့။ အဲဒါ တွေကို သူ့အ နေနဲ့လောလောဆယ်မှာ စောသေးတယ်လို့ ပြောတယ်။ သမ္မတကြီးက မိန့်ခွန်းတွေဘာတွေပြောပြီးတော့ အဲဒီတုန်းက သူနဲ့ တွေ့လိုက်တယ်"

**Mizzima ။** ။ ဒေါ်အောင်ဆန်းစုကြည်က ဘာမှ မပြောတဲ့အ ပေါ်မှာ ဆရာဘယ်လိုသုံးသပ်မိလဲခင်ဗျာ။

**ဦးမြင့် ။** ။ "သူနဲ့ဆရာနဲ့ကလည်း နားလည်မှုရှိပြီးသားပါ။ တော် တော်လည်း ခင်ခင်မင်မင်ရှိပါတယ်။ သူ့ကိုလည်း ဆရာက ယုံကြည် တယ်။ သူ့အနေနဲ့ တိုင်းပြည်အတွက်အကျိုးရှိတာ အများကြီးလုပ်နိုင် လိမ့်မယ်လို့ဆရာယုံကြည်တယ်။ လုပ်လည်း လုပ်နေပါတယ်"

**Mizzima ။** ။ တချို့တွေကဝေဖန်တာရှိပါတယ်။ အကြံပေး အဖွဲ့ဟာ အသုံးချခံရတာဖြစ်တယ်လို့ ဝေဖန်ကြပါတယ်။ ဒီအမြင်တွေ အပေါ်မှာ ဆရာဘယ်လိုတုံ့ပြန်ချင်လဲခင်ဗျာ။

**ဦးမြင့် ။** ။ "ဆရာ့အနေနဲ့ကတော့ ဝေဖန်လေ ကြိုက်လေပဲ။ သူတို့ အနေနဲ့ ပြောတာလည်းကောင်းပါတယ်။ အဲဒါမှလည်း ဆရာ့အနေနဲ့ က သူတို့ဆီက အကြံဉာဏ်တွေရမှာပေါ့။ ဆရာ့အနေနဲ့ကတော့ ဒါမျိုး တွေကို ဆရာတုံ့ပြန်မှာမဟုတ်ဘူး၊ ဘယ်တော့မှ ဆရာ မတုံ့ပြန်ဘူး။ ဆရာ့ကို ချီးမွမ်းတာလည်း မတုံ့ပြန်ဘူး၊ ရှုတ်ချတာလည်း မတုံ့ပြန်ဘူး။ ဆရာ့အနေနဲ့ ဆက်ပြီးတော့လုပ်နေမှာပဲ။ ကောင်းတယ်ထင်တာ ပြော ချင်တာပြောပါစေ ဆရာလက်ခံတယ်၊ ပြော ခွင့်ရှိပါတယ်။ ဒါဟာ ဒီမိုက ရေစီမဟုတ်ဘူးလား။ မပြောရင် ဘယ်ကောင်းတော့မလဲ။ အားလုံးက ကောင်းတယ်ချည်းပဲပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ။ တချို့ဟာတွေ ပြော ရမှာပေါ့"

**Mizzima ။** ။ ဆရာ့ကိုအကြံပေးအဖြစ်ခန့်လိုက်တာနဲ့ ပတ် သက်လို့ မြန်မာ့စီးပွားရေးအတွက် ဘယ်လောက်လုပ်နိုင်မယ်လို့ ယုံ ကြည်ထားလဲ။ အခုလို ခေါ်ခန့်လိုက်တာကိုကော ဘယ်လိုမြင်လဲ။

**ဦးမြင့် ။** ။ "ဆရာ့အနေနဲ့ကတော့ ဆရာလည်းမထင်ပါဘူး။ တ ယောက်ထဲလည်း ဘာမှမလုပ်နိုင်ပါဘူး။ ဆရာ့အနေနဲ့မြင်တာက တော့ ပညာရှင်တွေကို သူ့တို့အနေနဲ့ပိုပြီးတော့ အသုံးချချင်တယ်။ ဆရာ့ကိုခေါ်တာလည်း ဒီသဘောမျိုးပဲဖြစ်မယ်လို့ဆရာထင်တယ်။

စာမျက်နှာ ၇ သို့

# မေဒေးကြေညာချက် အဲန်အယ်လ်ဒီပြန်လည်ပြင်ဆင်

**RFA ၊ မေ ၃ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့တဲ့ မေဒေးနေ့ကြေညာချက်မှာ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ်ကိစ္စနဲ့ပတ်သက်ပြီး ရေးသားထားတဲ့စာသားမှာ အဓိပ္ပါယ်ကောက်ယူမှုလွဲချော်နိုင်တဲ့အတွက် ဒီကနေ့ ပြန်လည်ပြင်ဆင် ကြေညာလိုက်ပါတယ်။

ပထမကြေညာချက်မှာ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ပြီး အလုပ်သမားအကျိုးကို NLD က အမြဲတမ်း ကာကွယ်စောင့်ရှောက်သွားမယ်လို့ ရေးသားထားပါတယ်။

ဒီရေးသားချက်အရ အလုပ်သမားအဖွဲ့ ကို NLD က ဦးဆောင်ဖွဲ့စည်းမယ့်သဘော သက်ရောက်သွားခဲ့ပါတယ်။ တကယ်တမ်း ဆိုလိုချင်တာက အလုပ်သမားအဖွဲ့ကို NLD က ဦးဆောင်ဖွဲ့စည်းမှာ မဟုတ်ပဲ အလုပ်သမားအဖွဲ့ပေါ်ပေါက်လာပြီးတဲ့အခါမှာ NLD က ပံ့ပိုးကူညီသွားမယ်လို့ဆိုလိုတာဖြစ်ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက RFA ကို ပြောပါတယ်။

"ကျတော်တို့အရင်ထုတ်လိုက်တဲ့အထဲမှာ ဝါကျ အထားအသိုလွဲနေလို့ အဓိပ္ပါယ် နှစ်မျိုး သုံးမျိုး ပြောလာကြတယ်။ အဲဒါကြောင့် ဆိုလိုတဲ့သဘောက အလုပ်သမားအဖွဲ့ချုပ်ကို NLD က ဖွဲ့မယ်ဆိုတဲ့ သဘော တချို့ကသက်ရောက်နေတယ်။ အဲဒါကြောင့် အဲလို မဟုတ်ဘူး အလုပ်သမားအဖွဲ့ကတော့ ကိုယ့်ဖာသာကိုယ် ဖွဲ့ကြမယ်။ အဲလိုဖွဲ့ပြီးတဲ့အခါမှာ အဖွဲ့ချုပ်ကနေပြီးတော့ အလုပ်သမားအကျိုးအတွက် ကာကွယ်စောင့်ရှောက်တဲ့လုပ်ငန်းတွေကို လုပ်သွားမယ်လို့ အဲလို ပြင်တာပါ။"တကယ်တမ်းအလုပ်သမားအဖွဲ့ချုပ်ကို ဖွဲ့စည်းရမယ့် ပုဂ္ဂိုလ်တွေက သက်ဆိုင်ရာ အလုပ်သမားတွေကိုယ်တိုင်ပဲဖြစ်တယ်လို့ ဦးဉာဏ်ဝင်းကပြောပါတယ်။

---

**စာမျက်နှာ ၆ မှ**

ပညာရှင်ဆိုတာလည်း စီးပွားရေးတင်မဟုတ်ဘူး ပညာရှင်က အများကြီးရှိတယ်။ တိုင်းပြည်မှာလည်း စီးပွားရေးတခုထဲ ပြဿနာမဟုတ်ဘူး။ ပြဿနာတွေကအများကြီးရှိတယ်။ အဲဒါတွေကိုပိုပြီးတော့ အသုံးချမယ်လို့ ဆရာမြင်တယ်လေ"

**Mizzima ။** ။ ဟုတ်ကဲ့ အခုလိုပညာရှင်တွေကိုခေါ်ပြီးတော့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်စေတဲ့အပေါ်မှာကော ဆရာ ဘယ်လို သုံးသပ်မိလဲခင်ဗျာ။

**ဦးမြင့် ။** ။ "အခုလိုခန့်တာလည်းပဲ ကောင်းတယ်လို့ ဆရာမြင်တယ်။ ဒီကြားထဲမှာ ဒါတွေလုပ်လို့ ဘာမှအကျိုးမရှိဘူးလို့ ပြောရင်လည်းပဲ ပြောနိုင်ပါတယ်။ အကျိုးရှိအောင် ဘယ်လိုလုပ်ရမလဲ ပြောပါ၊ ဒါပဲ။ အဲဒါလေးပဲသိချင်တယ်။ ခင်ဗျားလုပ်တာအကျိုးမရှိဘူးဆိုရင် အကျိုးရှိအောင်ဘာလုပ်ရမလဲပြောပါ။ ဒီလိုပဲ အကျိုးမရှိဘူးပြောရင်တော့ ပြောလို့ရတာပေါ့။ ဒါပေမဲ့ ဆရာ့အနေနဲ့ ဘာမှ တုံ့ပြန်မှာတော့ မဟုတ်ဘူး။ ငြင်းမှာလည်း မဟုတ်ဘူး။ ပြောချင်တာ ပြောလို့ရတယ်။ ဆရာ့အနေနဲ့က ဘယ်သူဘာပြောပြော စိတ်တိုတာမရှိပါဘူး။ ဆရာထင်တာတော့ သူတို့အနေနဲ့ တိုင်းပြည်ကောင်းဖို့အတွက်ပဲသူတို့ ပြောတာပါ။ အားလုံးကလဲ တိုင်းပြည်ကောင်းအောင် လုပ်နေတာပဲ။ အမြင်ချင်းကတော့ မတူဘူးပေါ့၊ အဲဒီလို မြင်ပါတယ်။ အဲဒီတော့ အဲဒီလို ပြောမှလည်း အကျိုးရှိမှာပေါ့။ အားလုံးက ဝိုင်းပြီးတော့ တမျိုးထဲချည်း ဝိုင်းပြီးတော့ ပြောလို့မကောင်းဘူး။ အားလုံးဝိုင်းပြီးတော့ပြောမှလည်း ဒါတွေက အဖြစ်မှန်ကိုသိမှာပေါ့"။...

# ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် NIB တာဝန်ထမ်းဆောင်

**RFA ၊ မေ ၃ ။** ။ အမျိုးသားထောက်လှမ်းရေးအဖွဲ့ NIB ကို ဖွဲ့စည်းပြီးဖြစ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က အကြီးအကဲတာဝန်ကို စတင်ထမ်းဆောင်နေပြီဖြစ်ကြောင်းသတင်းရရှိသည်။

ပြည်တွင်းနိုင်ငံရေးနှင့် လုံခြုံရေးကိစ္စများကို အထူးစုံစမ်းစစ်ဆေးမည့် NIB အတွက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်တပ်အရာရှိ ၂၀၀ ကျော်ကို ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့သည်ဟုလည်း သတင်းရရှိသည်။

တနိုင်ငံလုံးရှိ ကြည်းတပ်၊ လေတပ်နှင့်ရေတပ်တပ်စု၊ တပ်ရင်းများမှ အရာရှိ ၂၀၀ ကျော်ကို ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကရွေးချယ်ပြီး အမျိုးသားထောက်လှမ်းရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ရန်ခေါ်ယူခဲ့ကြောင်း၊ ရွေးချယ်ခံရသော စစ်အရာရှိများ ထဲတွင် ဗိုလ်ကြီးအဆင့်မှဗိုလ်မှူးကြီးအဆင့်အထိပါဝင်ကြောင်း နေပြည်တော်စစ်ဘက်ဆိုင်ရာသတင်းရပ်ကွက်မှသိရသည်။

"အရွေးခံလိုက်ရတဲ့တပ်မတော်အရာရှိတွေက သူတို့ရဲ့တပ်ရင်းမှာထမ်းဆောင်နေတဲ့တာဝန်တွေအစား NIB က ပေးတဲ့တာဝန်ကိုပဲ ထမ်းဆောင်ရမယ်" ဟု NIB အတွက် အရွေးချယ်ခံလိုက်ရသော စစ်အရာရှိတဦးနှင့်နီးစပ်သူတဦးကပြောသည်။

NIB တွင် စစ်တပ်မှအရာရှိများအပြင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများလည်း ပါဝင်ကြောင်းသိရသည်။

အမျိုးသားထောက်လှမ်းရေးအဖွဲ့သည် ပြည်တွင်း နိုင်ငံရေးပါတီများ၏ နိုင်ငံရေးလှုပ်ရှားမှုများ၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ၊ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများ၏လှုပ်ရှားမှုများ၊ ပြည်တွင်းအကြမ်းဖက် ဖောက်ခွဲမှုလုပ်ရပ် များ၊ တပ်မတော်တွင်း သွေးခွဲမည့်လုပ်ရပ်များအပါအဝင် နိုင်ငံတော်လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ပျက်ပြားစေနိုင်သော အရေးကိစ္စအားလုံးကို စုံစမ်းထောက်လှမ်း အရေးယူသွားမည်ဟု သိရသည်။

အမျိုးသားထောက်လှမ်းရေးအဖွဲ့ကိုဖွဲ့စည်းရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကို ကာကွယ်ရေးဦးစီးချုပ်ရာထူး တရားဝင်လွှဲပြောင်းမပေးအပ်မီကတည်းက ညွှန်ကြားခဲ့ခြင်းဖြစ်သည်ဟု နေပြည်တော်စစ်ဘက်ဆိုင်ရာ အသိုင်းအဝန်းက ပြောဆိုသည်။

---

**စာမျက်နှာ ၅ သို့**

အာဏာကိုင်ထားတဲ့သူတွေကြားထဲမှာရော ညှိနှိုင်းလို့ရဟန်မတူဘူး ဆိုပြီးတော့ ဖြစ်နေတယ်လို့ ကျနော်ထင်ပါတယ်။"

နှစ်ရှည် နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်ခဲ့တဲ့ ဦးဝင်းထိန် ပြောပြခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံထဲမှာ နိုင်ငံရေးမှုတွေနဲ့ အကျဉ်းချခံထားရသူပေါင်း ၂,၀၀၀ ကျော်ရှိနေပြီး နှစ်ရှည်ထောင်ဒဏ်တွေနဲ့ မြို့ပြနဲ့ဝေးလံလှတဲ့ နယ်ထောင်တွေမှာ ဖမ်းဆီးချုပ်နှောင်ခံထားရတာရှိသလို ကျန်းမာရေးအခြေအနေဆိုးရွားသူတွေ ထောင်ဝင်စာပုံမှန်မရကြတဲ့ ပြဿနာတွေအပြင် လွတ်ရက်ပြည့်ပေမဲ့လည်း အခုချိန်ထိ ဆက်လက်ချုပ်နှောင်ခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေလည်း ရှိနေပါတယ်။

# နျူးကလီယားအကြောင်း သိကောင်းစရာ

**မောင်သုခ**
**အင်တာနက်မှ ကူးယူဖော်ပြပါသည်**

**ယခင်အပတ်အဆက်**

Total meltdown ဖြစ်လျှင် ဓာတ်ရောင်ခြည်များကို အများဆုံးထုတ်လွှင့်လာပြီး ထိန်းချုပ်ရန် မဖြစ်နိုင်တော့သော အခြေအနေကို ရောက်နိုင်သည်။

အဆိုးဆုံး အခြေအနေက ဘာလဲ

Total meltdown ဖြစ်ပြီး ဓာတ်ရောင်ခြည် လွှင့်ထုတ်မှုများကို ထိန်းချုပ်နိုင်မှုမရှိတော့ဟုဆိုပါစို့။ ဘာတွေဖြစ်လာနိုင်သနည်း။သမိုင်းတလျှောက် အဆိုးဆုံး နျူစိမ့်ထွက်မှုအဖြစ် ရုရှနိုင်ငံမှ ချာနိဘိုင်းကို သတ် မှတ်ကြသည်။ အဆင့်သတ်မှတ်ချက်အားဖြင့် နောက်ဆုံးအဆင့် ၇ ဖြစ်သည်။ ချာနိဘိုင်း ဖြစ်စဉ်က Reactor core ပေါက်ထွက်ပြီးနျူလောင်စာ ချောင်းများသည် အရည်ပျော်ကာလေထုအတွင်းသို့ Radiation များကို တိုက်ရိုက်လွှင့်ထုတ်ခဲ့သည်။ ထိုသို့ ဆိုးရွားလှသောဓာတ်ရောင်ခြည် ပျံ့လွင့်မှုသည်ပင် ကီလိုမီတာ ၅၀ (မိုင် ၃၀) ပတ်လည်အတွင်းမှာသာ ရှိခဲ့သည်။ ထိုစဉ်က အသေအပျောက်များခဲ့ခြင်းသည် ဓာတ်ရောင်ခြည်သင့် အစားအစာများကို လူများက ဆက်လက်စားသောက်နေခဲ့ကြခြင်းက အဓိကအချက်များထဲမှ တချက်ဖြစ်သည်။

ယခု ဖူကူရှီးမားဖြစ်စဉ်တွင် ကီလိုမီတာ ၃၀ (မိုင် ၂၀) အား စွန့်ခွာထားသင့်သည့်ဇုန် (Exclusion zone) အဖြစ်သတ်မှတ်ထားသည်မှာလုံလောက်သော အကွာအဝေးဖြစ်သည်ဟု ဗြိတိန်နိုင်ငံမှ နျူကလီးယားသိပ္ပံပညာရှင်များနှင့် ဖွဲ့စည်းထားသော "အရေးပေါ် အခြေအနေများအတွက် သိပ္ပံနည်းကျ အကြံပေးအဖွဲ့" (Scientific Advice for Emergencies - SAGE) မှ ပြောကြားထားသည်။

ရေဒီယိုသတ္တိကြွရောင်ခြည်များ ပျံ့လွင့်နိုင်မှုအားသည် အလင်း၏ပျံ့လွင့်နိုင်မှုကဲ့သို့ပင်အကွာအဝေးအပေါ်မူတည်သည်။ ရေဒီယိုသတ္တိ ကြွမှုအားသည် အကွာအဝေး၏ နှစ်ထပ်ကိန်းနှင့်အချိုးညီစွာ ပြင်းအားကျဆင်းသွားသည်။ ထို့ကြောင့် ကီလိုမီတာ ရာချီကွာဝေးသော ဒေသများ (ဥပမာ - တိုကျို) သည် အဆိုးရွားဆုံးအခြေအနေမှာပင်လျှင် စိုးရိမ်ဖွယ်ရာရှိလောက်သော ဓာတ်ရောင်ခြည်ပမာဏအထိ မရောက်နိုင်ဟု ပညာရှင်များက သုံးသပ်သည်။

ဓာတ်ရောင်ခြည် ပမာဏကို တိုင်းတာနည်း

ဓာတ်ရောင်ခြည် ပမာဏကို တိုင်းတာရာတွင် Sievert (Sv) ဆိုသောယူနစ်ဖြင့် တိုင်းတာသည်။ ဥပမာ - micro Sivert per hour (uSv/hr), mili Sivert per hour (mSv/hr) စသည်ဖြင့် တိုင်းတာသည်။ ဓာတ်ရောင်ခြည်နှင့်ထိတွေ့သော အချိန် ထည့်တွက်သည်ကို သတိပြုပါ။ ဓာတ်မှန် တခါရိုက်လျှင် 600uSv/each time ရောင်ခြည်သင့်ပါသည်။ ငှက်ပျောသီး တလုံးစားလျှင်ပင် 0.0001 mSv ရောင်ခြည်သင့်ပါသည်။ ဂျပန်နိုင်ငံတွင် လူတစ်ဦး တနှစ်ထိတွေ့နေသော ရောင်ခြည်အားမှာ ပျမ်းမျှအားဖြင့် 1mSv/yearရှိသည်ဟု လေ့လာမှုများအရ သိရသည်။ ဝေါစထရိဂျာနယ်၏ဖော်ပြချက်အရ ယခုအထိ တိုကျိုမြို့လယ်တွင် တိုင်းတာရရှိသော ဓာတ်ရောင်ခြည်အားမှာ 0.95 mSv/hr ဖြစ်သည်။ သာမန်အချိန်ထက် အနည်းငယ်မြင့်မားသော ကိန်းဂဏန်းဖြစ်သော်လည်း လူကို အန္တရာယ်ဖြစ်စေသော ပမာဏအောက်များစွာလျော့နည်း နေသေးသောပမာဏဖြစ်သည်။

ဂျပန်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာ တုံ့ပြန်မှု

ဂျပန်အစိုးရက ယခုဖြစ်စဉ်အား အပူတပြင်း ကိုင်တွယ်နေသော်လည်း မလိုအပ်ဘဲ လူအများအကြောက်လွန်မည်စိုးရိမ်သဖြင့် အေးဆေးတည်ငြိမ်မှုရှိကြရန် တိုက်တွန်းနေပြီး အဆက်မပြတ်သတင်းထုတ်ပြန်မှုများ၊ ရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှုများကိုလည်းပြုလုပ်နေသည်။ တဖက်တွင် နိုင်ငံတကာ မီဒီယာများကလည်း နျူကလီးယားကြောင့် ဘေးဒဏ်ဖြစ်ရန် နီးကပ်နေပြီဟုယူဆနိုင်သော မီးလောင်ပေါက်ကွဲနေသည့် နျူစက်ရုံပုံရိပ်ကို အဆက်မပြတ်ပြသနေသည်။ နိုင်ငံတကာကလည်းသံရုံးများမှ ၎င်းတို့ နိုင်ငံသားများအား ပြည်လည်ခေါ်ယူရန် ကြိုးစားနေသည်။

ဂျပန် နျူကလီးယားပညာရှင်များ သတ်မှတ်ထားသော စိုးရိမ်ရသည့် အဆင့် ၄ အား ပြင်သစ်ပညာရှင်များက မလုံလောက်ဟု ဆိုကာ အဆင့် ၆ ဟုသတ်မှတ်သည်။ တချို့သောနိုင်ငံများမှ အစိုးရိမ်လွန်ကဲသော ဆောင်ရွက်ချက်များသည် ဒေသခံပြည်သူလူထုအတွင်း ကြောက်ရွံ့စိတ်ကို ပိုမိုကြီးထွားစေပြီးအကျိုးဆက်အနေဖြင့် စတိုးဆိုင်များတွင် အစားအသောက်၊ ဓာတ်ခဲ စသည်များကိုအလုအယက် ဝယ်ယူလာမှုများပြားလာခြင်း၊ သဘာဝဘေးဒဏ်ကို ခံစားနေရသည့်ဒေသများသို့ပေးပို့ရန် အမှန်တကယ်လိုအပ်နေသော ကုန်ပစ္စည်း နည်းပါးမှု၊ မလုံလောက်မှုဖြစ်ပေါ်ခြင်း၊ နိုင်ငံခြားသားများသည် မိမိတို့နိုင်ငံများသို့ အလုအယက်ပြန်နေကြသဖြင့် လေယာဉ်လက်မှတ်ဈေးနှုန်းများ အဆမတန်ကြီးမားနေခြင်းစသည့် အကျိုးဆက်များ ဖြစ်ပေါ်နေသည်။

မြန်မာနိုင်ငံသားများရော ဘာလုပ်သင့်သနည်း

ယခုအချိန်တွင် လျှပ်စစ်ထုတ်စက်ရုံ ပျက်စီးမှုကြောင့် လျှပ်စစ်ဓါတ်အားမလုံလောက်မှုဖြစ်ပေါ်နေပြီး လျှပ်စစ်မီးများကိုအခါအားလျော်စွာဖြတ်တောက်ခြင်းဖြစ်ပေါ်နေသည်။ အကျိုးဆက်အနေဖြင့်ရထားများပုံမှန်မပြေးဆွဲနိုင်ခြင်း၊ စတိုးဆိုင်များ၊ အလုပ်ရုံများမဖွင့်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံသားများသည်လည်း သွားရေးလာရေးခက်ခြင်း

**စာမျက်နှာ ၁၁ သို့**




**မေ ၂။** DVB **။ ။** အစိုးရအား အလုပ်သမားအဖွဲ့များ ဆွေးနွေးပွဲကျင်းပပေးရန် အဲန်အဲလ်ဒီမှ မေ ၁ အလုပ်သမားနေ့တွင် သတိပေး၏။

**မေ ၂။** Daily Yomiuri **။ ။** မြန်မာအစိုးရသစ်သည် ဒီမိုကရေစီသို့မကူးပြောင်း၍မဖြစ်နိုင်ကြောင်း။ စစ်တပ်အတွက်ရာထားသော အထက်လွှတ်တော်နေရာ ၂၂၄ နှင့် အောက်လွှတ်တော်နေရာ ၄၄၀ ကို ပြည်သူ့ကိုယ်စားလှယ်များနှင့်အစားထိုးရန် ဥပဒေပြင်ဆင်ရန်လိုကြောင်း သတင်းစာအာဘော်မှဝေဖန်၏။

**မေ ၂။** RGN-AFP **။ ။** အကျဉ်းသားအချို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အစိုးရသစ်မှစဉ်းစားနေကြောင်း အရာရှိတဦးမှဆို၏။

**မေ ၂။** BERLIN-AP **။ ။** ဂျာမဏီနှင့်နိုင်ငံများစွာသည် လူ့အခွင့်အရေးကိုသရုပ်ဖော်ရန် ရုပ်သဏ္ဍာန် logo တခုကိုရှာဖွေနေကြောင်း။ ဥပမာ လက်ညှိုးနှင့်လက်ခလယ်ထောင်ခြင်းသည် ငြိမ်းချမ်းရေးကို၊ အသဲပုံသည် ချစ်ခြင်းသို့မဟုတ် မေတ္တာဟူသည့် အဓိပ္ပာယ်ကိုဆောင်သလို

**မေ ၃။** JKT **။ ။** မြန်မာတွင် ဒီမိုကရေစီထွန်းကားရေးအတွက် အာဆီယံမှပိုင်းဝန်းတွန်းပို့ရန် ဒေါ်အောင်ဆန်းစုကြည်မှ အာဆီယံသို့တောင်းဆို၏။

**မေ၃။** Kompas **။ ။** အာဆီယံပြည်သူ့ဖိုရမ်သို့ ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်းတွင် အင်ဒိုနီးရှား၏ ဒီမိုကရေစီဦးတည်အောင်မြင်နေမှုကို ချီးမွမ်းခဲ့၏။

**မေ ၃။** IRIN **။ ။** နာဂစ်မုန်တိုင်းအပြီး သုံးနှစ်အကြာထိ အမိုးအကာမဲ့သူများရှိနေသေးကြောင်း အကူအညီပေးအဖွဲ့များနှင့်အရာရှိများမှဆို၏။

**မေ ၃။** Reporters without Borders **။ ။** DVB ၏ မြန်မာအစိုးရအား သတင်းထောက်များအားလွှတ်ပေးရန် ကမ္ဘာတလွှားမှတောင်းဆိုမှုကို နယ်ခြားမဲ့သတင်းထောက်များအဖွဲ့မှထောက်ခံကြောင်း။

**မေ ၃။** Irrawaddy **။ ။** နအဖ တဖြစ်လဲအစိုးရသည် အာဆီယံအလှည့်ကျသဘာပတိနေရာခံယူလိုလျှင် ရေးဦးစွာ ယဉ်ကျေးသိမ်မွေ့သောကမ္ဘာ၏ လုပ်ကြံကျင့်သုံးသောစည်းကမ်းများကို လိုက်နာရန်လိုပေမည်ဟု သတင်းစာအာဘော်မှဝေဖန်ဆုံးမ၏။

**မေ ၃။** Mizzima **။ ။** အမေရိကန်ရောက် မြန်မာများကြီးမှူးပြုလုပ်သည့် Citizens of Burma ဆုအတွက် ဆံခါတင်ငါးနေရာတွင် အဲန်အဲလ်ဒီလူမှုဖူလုံရေးအသင်း၊ ဇာဂနာ၊ ဖြူဖြူသင်း၊ ရှေ့နေဖိုးဖြူနှင့် နိုင်ငံရေးအကျဉ်းကျသံဃာများနှင့်သီလရှင်များသို့ ပုံမှန်ထောင်ဝင်စာတွေ့ပြီး လှူဒါန်းသူ SHU တို့ဖြစ်၏။

**မေ ၃။** Mizzima **။ ။** တိုင်းရင်းလက်နက်ကိုင်အဖွဲ့ပေါင်းစုံသည် ဖွဲ့စည်းပုံပြန်လည်ပြောင်းရန် သုံးသပ်နေကြောင်း။

**မေ ၃။** DVB **။ ။** နအဖ နှင့်ဆွေးနွေးရေးကို ပြန်လည်ကြိုးပမ်းမည်ဟု UWSA မှဆို၏။

**မေ ၃။** Irrawaddy **။ ။** စစ်ဦးစီးချုပ်ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကြည်း၊ ရေ၊ လေနှင့်ရဲတပ်ဖွဲ့တို့မှအရာရှိအရာခံ ၂၀၀ ခန့်ဖြင့် စုံထောက်အဖွဲ့သစ်ဖွဲ့စည်းခဲ့၏။

**မေ ၄။** ChannelNewsAsia **။ ။** အမေရိကန်သမတအိုဘားမားအား မြန်မာအပေါ် ကုလမှစုံစမ်းစစ်ဆေးအဖွဲ့ဖြင့်စစ်ဆေးရန် ပိုမိုအရေးကြီးပြီး မြန်ဆန်စွာလုပ်ရန်ကြိုးပမ်းရန် အမေရိကန်လွှတ်တော်အမတ်များမှတိုက်တွန်း၏။

**မေ၄။** ASEAN NewNetwork **။ ။** မြန်မာစစ်တပ်၏ထိုးစစ်များကြောင့် ဒီကေဘီအေတပ်ခွဲ ၁၈ အားကျခဲ့ပြီး ကေအင်ယူနှင့် ဒီကေဘီအေတို့ တပ်ခေါက်ခဲ့ရကြောင်း။ ရွာသူရွာသား ၇၀၀ ခန့် ထိုင်းဖက်သို့ပြေးလာကာ ဘုန်းကြီးကျောင်းတွင်ခိုနေရကြောင်း။

**မေ ၄။** Cornell Daily Sun **။ ။** They call it Myanmar အမည် သတင်းရုပ်ရှင်ကားကို ပါမောက္ခ ရောဘတ် လီဘာယ်မန်း ၆၂ နှစ်မှ တတ်အားသ၍ ထုတ်လုပ်ခဲ့ကြောင်း။

**မေ ၄။** Jakarta Post **။ ။** အာဆီယံကို နိုင်ငံများ အစိုးရများမှဖွဲ့စည်းထားသော်လည်း အဆီယံအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများ၏ပြည်သူများကို ကိုယ်စားပြုရမည်ဟု ဒေသဆိုင်ရာအကြော်အမော်များ လှုပ်ရှားမှုအဖွဲ့များမှဆို၏။

**မေ ၄ ။** New Internationalist **။ ။** နအဖ အမည်ပြောင်း မြန်မာအစိုးရသည် နာမည်မှလွဲ၍ လုံးဝ အာဏာရှင်စနစ်သာဖြစ်ကြောင်း Jody Williams နှင့် တင်တင်ညိုတို့ မြန်မာအမျိုးသမီးများအဖွဲ့မှရေးသား၏။

**မေ ၄။** Irrawaddy **။ ။** မြန်မာ၊ ကျူးဘားနှင့်မြောက်ကိုးရီးယား စသည်တို့သည် သတင်းအချုပ်ချယ်ဆုံးနိုင်ငံအချို့ဖြစ်ကြောင်း အမေရိကန်သမတအိုဘားမားမှ သတင်းလွတ်လပ်မှုနေ့တွင်ဆို၏။

**မေ ၄။** BP **။ ။** အာဆီယံသည် အစိုးရများ၏ အင်ဂျီအိုအဖွဲ့များကို ဦးစားပေးရွေးချယ်ခြင်းများပြုနေ၍ မေ ၇ အစည်းအဝေးကို ကန့်ကွက်ကြကြောင်း။ အာဆီယံပြည်သူ့အဖွဲ့ အစည်းကွန်ဖရင့် ASEAN Civil Society Conference အရ မေ ၃ နှင့် ၄ ဆွေးနွေးပွဲမှကန့်ကွက်ဝေဖန်၏။

**မေ ၄။** DVB **။ ။** ဗိုလ်ကြီးဟောင်းနေမျိုးဇင်အား နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ စာရွက်စာတမ်းများ လက်ဝယ်ထားရှိမှုဖြင့် တရားစွဲခဲ့ကြောင်း။

**မေ ၄။** DVB **။ ။** ၁၉၆၂ ပုံနှိပ်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေနှင့် စာနယ်ဇင်းကြီးကြပ်ရေးဥပဒေများကို ဖျက်သိမ်းလျှော့ချရန် မြန်မာသတင်းလောကမှ အစိုးရသစ်သို့တောင်းဆို၏။

**မေ ၄။** BBC **။ ။** ထားဝယ်ဆိပ်ကမ်းသစ်သည် မြန်မာ၏ ကုန်သွယ်ရေးလမ်းကြောင်းကြီးဖြစ်လာကာ ကမ္ဘာ့ကုန်သွယ်မှု၏ ပုံသဏ္ဍာန်ကို ပြောင်းလဲစေမည်ဟု ဆိပ်ကမ်းဆောက်နေသည့်ထိုင်းမှ အီတဲလ် ထိုင်းဆောက်လုပ်ရေးမှဆို၏။ လူများစွာအလုပ်ရမည်ဖြစ်သော်လည်း ဝင်ငွေအများစုသည် စစ်အာဏာရှင်နှင့်မဟာမိတ်လက်ကိုင်တုတ်တို့ဆီသာ အများဆုံးရောက်မည်ဟု စောင့်ကြည့်သူများမှဆို၏။

**မေ ၄။** BKK- AFP **။ ။** ဖမ်းထားသော မြန်မာမှ DVB သတင်းထောက် ၁၇ ဦးအား လွှတ်ရန် DVB မှတောင်းဆို၏။ အမှန်တရားကို သတင်းပို့ခြင်းသည် ရာဇဝတ်မှုမဟုတ်ဟု DVB ထိုင်းနိုင်ငံဌာနမှူး ကိုတိုးဇော်လတ်မှဆို၏။။

**မေ ၄။** AFP **။ ။** ကင်ယာအနီး ဓားပြများစီးထားသော Gemini သင်္ဘောမှ မြန်မာ ၃ ဦးအပါအဝင် သင်္ဘောသား ၂၅ ဦးတို့သည်ထိခိုက်မှုမရှိကြောင်း။

**မေ၅။** Asian Correspondent **။ ။** သတင်းထောက်အားလုံးအား လွှတ်မပေးမချင်း မြန်မာသည် ဒီမိုကရေစီအကြောင်းတရားမဟောနိုင်။ Francis Wade

**စာမျက်နှာ ၁၃ သို့**

# ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးဆောင်းပါး ရန်ကုန်တွင် ရောင်းအားကောင်းဆဲ

**Mizzima | မေ ၂** ။ ။ ဗိုလ်ချုပ်အောင်ဆန်းမျက်နှာဖုံးတွင် ဆရာဖော်ဂျီ၏ သခင်အောင်ဆန်းတရားကဟောကိုဖော်ပြထားသော မော်နီတာဂျာနယ် နိုင်ငံရေးအထူးဆောင်းပါးပေါင်းချုပ်ကိုထုတ်ဝေပြီး နှစ်ပတ်အကြာထိ ဆက်လက်ရောင်းအားကောင်းဆဲဟု ရန်ကုန်မှ ဂျာနယ်လက်ပွေ့ရောင်းချသူတဦးကပြောသည်။

စံချိန်တင်စျေးနှုန်း ၁၅၀၀ ကျပ်အထိမြင့်တက်ခဲ့ပြီး ယခုတစောင် ၈၀၀ ကျပ်ဖြင့် ရန်ကုန်ဂျာနယ်အရောင်းဆိုင်များတွင် ဆက်လက်ဝယ်ယူရရှိနေပြီးလူငယ်အများစုမှတ်တမ်းအဖြစ်သိမ်းဆည်းဝယ်ယူလျက်ရှိသည်။

“အရင်က ဂျာနယ်ဝယ်မဖတ်တဲ့လူတွေလည်း ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့မို့ အမှတ်တရဝယ်သိမ်းကြတာမျိုးရှိတယ်” ဟု ဂျာနယ် အရောင်းသမားတဦးကပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအပါအဝင် ဆောင်းပါး ၃၈ ပုဒ်ပါဝင်ပြီး သမိုင်းဝင်ဓာတ်ပုံများ မိသားစုဓာတ်ပုံများလည်းပါဝင်သည်။ ဧပြီလတွင်ထုတ်ဝေပြီး စာရွက်အရည်အသွေးလည်းကောင်းသည့်အတွက် ဝယ်သိမ်းထားရန် အဆင်ပြေသည်ဟုသိရသည်။

မြတ်ခိုင်၏အပတ်စဉ်ထုတ် မော်နီတာဂျာနယ် အမှတ် ၁ မှ ၅၀ အတွင်းဖော်ပြခဲ့သော မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းရေးသားထားသည့် ဆောင်းပါး အဟောင်းအသစ် ၃၈ ပုဒ်ကို စုစည်းထုတ်ဝေထားရာ သတင်းထောက် ဦးပုကလေး၊ ဒဂုန်တာရာ၊ သခင်တင်ဦးစသည့် ဗိုလ်ချုပ်ကိုသိမီလိုက်သူများ၏ဆောင်းပါးများ၊ ကိုပညာ (အမရပူရ)၊ တက္ကသိုလ်စိန်တင်၊ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌဟောင်းဦးကိုကိုကြီး၏မြေး ဂူလန်ဂေါင်းတက္ကသိုလ်မှ သမိုင်းပါရဂူဘွဲ့ရ ကျော်ဇောဝင်းစသူတို့၏ သုတေသနဆောင်းပါးများပါရှိသည်။ ကွယ်လွန်သူ လယ်ဝေးသခင်ကြည်ရှိန်၏ ဗိုလ်ချုပ်နှစ်ဦး လယ်ဝေးတွင်ဆုံခဲ့စဉ်က ဆောင်းပါးမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်ချုပ်ကြီးနေဝင်း စစ်အတွင်းရိုက်ကူးခဲ့သော ဓာတ်ပုံအကြောင်းဖြစ်သည်။

မကြာမီက ဗိုလ်ချုပ်အောင်ဆန်း ရာပြည့်အကြို ပိတောက်ပွင့်သစ်မဂ္ဂဇင်းမှ မောင်စိမ်းနီစီစဉ်ထုတ်ဝေခဲ့သည့် စာရေးဆရာစုံ၏ `စာရေးဆရာကိုအောင်ဆန်း´ စာအုပ်မှာလည်း အထူးလူကြိုက်များခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် စာကြည့်တိုက်ရံပုံငွေအတွက် သခင်ကိုယ်တော်မှိုင်းတည်းဖြတ်သည့် စာရေးဆရာ၊ ရဲဘော်၊ သခင်နှင့် ကျောင်းနေဘက်များရေးသော ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို ၁၉၅၁ က ထုတ်ဝေခဲ့ဘူးသည်။

# နာဂစ်ဘေးမမေ့ကြဖို့ သင်္ခန်းစာယူဖို့ ဟောပြော

**RFA | မေ ၂** ။ ။ မြန်မာပြည်သူတွေ သိန်းနဲ့ချီသေဆုံးခဲ့ကြရတဲ့ နာဂစ်လေမုန်တိုင်းတိုက်ခတ်ခဲ့တာ ၃ နှစ် တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်ပေမဲ့ နာဂစ်ဘေးကို မမေ့မပျောက်ရှိကြဖို့နဲ့ သင်ခန်းစာယူကြဖို့ ထင်ရှားတဲ့ မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က တိုက်တွန်းပြောကြားလိုက်ပါတယ်။

လေမုန်တိုင်းတိုက်ခတ်မဲ့ဘေးကို ရှောင်လွှဲကာဆီးဖို့ မလွယ်ကူပေမဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ နာဂစ်ကြောင့် လူတွေအများကြီး သေဆုံးခဲ့ရတဲ့အဖြစ်အပျက်ကို သေသေချာချာလေ့လာပြီး၊ အားနည်းချက်တွေကိုပြုပြင်ဖို့လိုအပ်တယ်လို့ သူကအလေးထားပြောဆိုပါတယ်။

ဒီရေတောတွေ မရှိတာ၊ သဘာဝဘေးအန္တရာယ် အသိစိတ်မရှိတာ၊ သဘာဝဘေးအတွက် ရုတ်တရက်တုံ့ပြန်ဆောင်ရွက်တဲ့ နည်းစနစ် မရှိတာ၊ အန္တရာယ်ရှိတဲ့ဒေသတွေအတွက် မြေပုံတွေ မလုပ်သေးတာ မလုပ်ရသေးတာတွေ၊ မုန်တိုင်းခံအဆောက်အဦး မရှိတာတွေကို တဖြည်းဖြည်း ဖြည့်ဆည်းလုပ်ဆောင်သွားဖို့ လိုအပ်တယ်လို့ ဦးထွန်းလွင်ကထောက်ပြပါတယ်။

ဦးထွန်းလွင်ဟာ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က နာဂစ်လေမုန်တိုင်းတိုက်ခတ်ခဲ့စဉ်က မြန်မာနိုင်ငံမိုးလေဝသနဲ့ဇလဗေဒညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေခဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ မိုးလေဝသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးအုန်းတို့နဲ့အတူ ဧရာဝတီတိုင်း ချောင်းသာကမ်းခြေမှာ ဒေသခံလူထု ၆၀၀ လောက်ကို လေမုန်တိုင်းဘေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာတွေကို မတ်လ ၁ ရက် စနေနေ့က သွားရောက်ဟောပြောခဲ့ပါတယ်။

# အဲန်အယ်လ်ဒီတံဆိပ်ဆင်တူနဲ့ဂျာနယ်များရောင်းချ

**RFA | မေ ၃** ။ ။ ပဲခူးတိုင်းအနောက်ခြမ်း ဇီးကုန်းမြို့နယ်မှာ ကိုအေးလွင်ဦးဆောင်တဲ့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ - ပြည်ထောင်စုမြန်မာနိုင်ငံပါတီက သူတို့ ပါတီကထုတ်ဝေတဲ့ဂျာနယ်တွေကို ရောင်းချရာမှာ ရင်ထိုးနဲ့ ပါတီတံဆိပ်တွေဟာ NLD တံဆိပ်နဲ့ ဆင်တူယိုးမှားဖြစ်နေလို့ မြို့ခံတွေက အလုအယက်ဝယ်ယူကြတယ်လို့ သိရပါတယ်။

ဒါနဲ့ ပတ်သက်ပြီး ဇီးကုန်းမြို့ခံတဦးက ခုလိုပြောပြပါတယ်။

“အသံချဲ့စက်နဲ့ကို ကျယ်ကျယ်ပြန့်ပြန့်ရောင်းနေတဲ့ သဘောရှိတယ်။ ရန်ကုန်မှာဆိုရင် အလုံးအရင်းနဲ့ရောင်းနေတာ။ ခက်တာက သူက ဒေါင်းပါတယ်။ NLD အလံအတိုင်းဘဲလေ။ ရင်ထိုးတွေရော၊ လူထုကလည်း ဒေါင်းပါတော့ အငိုက်ပေါ့နော်။ ဈေးကလည်း မနဲဘူးဗျ။

ဂျာနယ်တစောင်ကို ၆၀၀၊ ၂ စုံဝယ်ရတော့ ၁၂၀၀။ တခုက ခွတ်ဒေါင်းဂျာနယ်၊ တခုက ဒေါင်းရင်ပြင်။ ဒီနေ့ရောင်းနေတယ်။ ဒေါင်းရင်ပြင်ဆိုရင် မတ်လ ၂၈ ကထုတ်တာ။ ခွတ်ဒေါင်းဆိုရင် ဖေဖော်ဝါရီ ၁၈။ ဒီဒေါင်းရင်ပြင်မှာ ဘာရေးထားလည်းဆိုတော့ နအဖ ကို အမြင်စောင်းတာတွေအပေါ် လိုက်ရှင်းနေတဲ့သဘောမျိုးပေါ့နော်။”

အဲ့ဒီလိုရောင်းချရာမှာ ဝယ်သူတွေ ရဲ့ ထင်ရောင်ထင်မှားဖြစ်မှုကို အခွင့်ကောင်းယူပြီး ရောင်းချသွားတယ်လို့ အဲဒီ မြို့ခံကပြောပါတယ်။

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ - ပြည်ထောင်စုမြန်မာနိုင်ငံ ပါတီခေါင်းဆောင် ကိုအေးလွင်ကတော့ စာစောင်တွေကို ပဲခူးတိုင်း အနောက်ခြမ်း၊ ဧရာဝတီတိုင်းနဲ့မကွေးတိုင်းတွေမှာ ဖြန့်ဖြူးရောင်းချနေပြီး စာစောင်တွေဟာ ခုထိ နှစ်ကြိမ်မီသာထုတ်ဝေရသေးတဲ့အတွက် အဟောင်းတွေမဟုတ်ကြောင်း ပြောဆိုပါတယ်။

စာစောင်ရောင်းချရာမှာ ထင်ယောင်ထင်မှားဖြစ်မှုနဲ့ ပတ်သက်လို့ ကိုအေးလွင်ကတော့

“အဲဒါကတော့ ကျတော်တို့ကိုယ်တိုင်ကကို အထင်မခံနိုင်တာလေ။ ရောင်းကထဲက hand speaker တွေနဲ့လိုက်ရောင်းတာဘဲ။ ပါတီဆိုကတာလည်း ရှင်းရှင်းလင်းလင်း စာစောင်မှာရေးထားတယ်လေ။ ရောင်းတဲ့သူတွေကလည်း ပြောရောင်းတာ။ ထင်ရောင်ထင်မှား ကျတော်တို့ကလုပ်ခွင့်မပေးဘူးလေ။”

# အဖွဲ့ချုပ်မှ ပဲခူးတိုင်း တောင်ငူတွက် အခမဲ့ပညာသင်ကျောင်း ဖွင့်လှစ်

**Mizzima ၊ မေ ၃ ။** ။ ဆင်းရဲချို့တဲ့သူ အထက်တန်းကျောင်းသားများအတွက် အခမဲ့သင် ကျောင်းတကျောင်းကို ပဲခူးတိုင်း တောင်ငူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က မေလ ၂ ရက် တနင်္လာနေ့တွင် တောင်ငူ၌ဖွင့်လှစ်လိုက်သည်။

ဆင်းရဲသဖြင့် အထက်တန်းပညာ ဆက်လက်မသင်ကြားနိုင်သူများ၊ ကျောင်းနေသော်လည်း ပြင်ပစာသင်ဝိုင်းများတွင် မသင်ယူနိုင်သည့်ကျောင်းသားများရှိနေသဖြင့် ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများအကူအညီဖြင့် တောင်ငူ NLD က အခမဲ့စာသင်ကျောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"ကျနော်တို့ပတ်ဝန်းကျင်မှာလည်း ဆင်းရဲနွမ်းပါးတဲ့ မိဘတွေရဲ့သားသမီးတွေ ကျောင်းနေချင်ရက်နဲ့မနေနိုင်တာ၊ ကျောင်းနေတယ် ဒါပေမဲ့ ကျူရှင်တွေမယူနိုင်တာ၊ ဒီလိုကလေးတွေရဲ့အခက်အခဲကို တွေ့ရတဲ့အခါ အဖွဲ့ချုပ်က စိတ်ပါဝင်စားသူတွေရော၊ အငြိမ်းစား ဆရာ ဆရာမတွေနဲ့အလှူရှင်တချို့ ရပ်မိရပ်ဖတွေတိုင်ပင်ပြီး လုပ်ကြတာပါ" ဟု တောင်ငူ NLD လွှတ်တော်အမတ် ဦးအောင်စိုးမြင့်က မဇ္ဈိမကို ပြောသည်။

အောင်မင်္ဂလာရပ်ကွက် ၅ လမ်းတွင်နေထိုင်သည့် ဦးအောင်စိုးမြင့်နေအိမ်ရှိ ပါတီရုံးခွဲနေရာကို စာသင်ခန်းအဖြစ်ပြောင်းလဲ ကာဖွင့်လှစ်သည်။ အငြိမ်းစားဝါရင့် ကျောင်းဆရာ ဆရာမ ၈ ဦးတို့က ပညာဒါနအဖြစ် အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး ၉ တန်း ကျောင်းသား ၉၀ ကျော်နှင့် ၁၀ တန်းကျောင်းသား ၅၀ နီးပါး လာရောက် ကျောင်းအပ်နှံခဲ့ကြသည်။

တနင်္လာမှသောကြာနေ့ကို နေ့စဉ် ကျောင်းသင်ရိုးညွှန်းတမ်းအလိုက်ပို့ချကာ စနေနှင့်တနင်္ဂနွေတွင် ကျောင်းစာပြင်ပ အင်္ဂလိပ်စာ (ရေး၊ ဖတ်၊ ပြော၊ ကြား) ကိုပါသင်ကြားသွားမည်။ ထို့အပြင် ထူးချွန်ထက်မြက်သည့်ကလေးများကို ရန်ကုန်ရှိ နိုင်ငံတကာကျောင်းများသို့ ပညာသင်ခွင့်ရရန် ကူညီသွားမည်ဖြစ်သည်။

တောင်ငူတွင် ကျောင်းပြင်ပရှိ ကျူရှင်ကျောင်းများကိုသာ အများအားဖြင့်အားကိုးနေကြရာ ဘာသာရပ်တခုလျှင် ကျပ်ငွေ သောင်းဂဏန်းထိပေးရသဖြင့် မိဘများ ကျောင်းစရိတ်ကြီးလေးစေသည်ဟု ဦးအောင်စိုးမြင့်ကပြောသည်။

ကျောင်းမှာသင်တဲ့ ဆရာ ဆရာမတွေ ကိုယ်တိုင်ကကျောင်းမှာတမျိုး ကျူရှင်မှာတမျိုးလေ။ သူတို့မှာလည်း စီးပွားရေးအခက်အခဲရှိတယ်ဆိုပေမယ့် လိုတာထက် ပိုနေတယ်လို့ ကျနော်မြင်တယ်။ ကျောင်းပဲတက်နိုင်တယ် ကျူရှင်မတက်နိုင်တဲ့ကလေးဆိုရင် ကျောင်းမှာစာမလိုက်နိုင်ဘူး စာမေးပွဲအောင်ဖို့ အတော်အခက်အခဲရှိတယ်" ဟု သူကဆိုသည်။ ကျောင်းဖွင့်သည်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက မေးမြန်းသော်လည်း အနှောင့်အယှက်မပေးဟုဆိုသည်။

အခမဲ့စာသင်ကျောင်းအတွက် တောင်ငူမြို့ ရပ်မိရပ်ဖများက ထိုင်ခုံ၊ မီးချောင်း၊ အင်ဗာတာ၊ ဘက်ထရီအိုး စသည်တို့ လှူဒါန်းခဲ့ကြောင်းနှင့် ကျောင်းသားများပိုမိုလက်ခံနိုင်ရန် စာသင်ခန်းတိုးချဲ့ရန် လိုအပ်နေကြောင်းသိရသည်။

၁၀ တန်းကျောင်းသားတဦး၏ တနှစ်စာကျူရှင်ခမှာ ကျပ် ၁၀ သိန်းခန့်ကုန်ကျခဲ့ကြောင်း ရန်ကုန်မြို့ခံ ကျောင်းသားမိခင်တဦးကလည်း မဇ္ဈိမကိုပြောပြသည်။ လူထုလိုအပ်ချက်ကြောင့် အခမဲ့ပညာသင်ကျောင်းများကို NLD လူငယ်ကွန်ယက်များမှတဆင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုက ဆိုသည်။

"စစ်အစိုးရလက်အောက်မှာ နှစ်ပေါင်းကြာလာတော့ ပြည်သူလူထုဘဝက လိုအပ်ချက်ကြီးမားလာတယ်။ အထူးသဖြင့်ပညာရေးနဲ့ကျန်းမာရေးတွေမှာပေါ့ဗျာ။ မိဘတွေက ပိုက်ဆံမတတ်နိုင်တော့ ကိုယ့်ကလေးတွေ ပုံမှန်ကျောင်းတောင်မထားနိုင်ဘူး။ နွမ်းပါးတဲ့သူတွေကို လူငယ်တွေထဲမှာ ပညာသင်ပေးချင် တဲ့သူတွေရှိတော့ ကျနော်တို့က ကျောင်းတွေဖွင့်ပေးပြီး ကြားထဲကနေချိတ်ဆက်ပေးလိုက်တာ ပညာသင်ကြားရေးကွန်ယက်ဖြစ်သွားတာပေါ့။ ဒါက ကျနော်တို့ရဲ့ကွန်ယက်သဘောတရားပါပဲ" ဟု NLD ပါတီ ပြောခွင့်ရ ဦးအုန်းကြိုင်က မဇ္ဈိမကိုပြောသည်။

NLD ၏ကွန်ယက်ချိတ် အခမဲ့ပညာသင်ကျောင်းများမှာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်တွင် ဗေဒါသင်တန်းကျောင်း၊ လှိုင်သာယာတွင် အမေ့အိမ်ကျောင်းနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မြတ်မိခင်စာသင်ကျောင်းတို့ ဖြစ်သည်။

ဗေဒါကျောင်း၌ လူမှုဆက်ဆံရေး ကမ္ဘာ့ပြဿနာများ သင်ခန်းစာ၊ အရှေ့တောင်အာရှနိုင်ငံများကိုလေ့လာခြင်းနှင့် အခြေခံအင်္ဂလိပ်စာ ဘာသာရပ်များကို နှစ်ပတ်တကြိမ် သင်တန်းပေးပြီး အမေ့အိမ်တွင် အခြေခံမူလတန်းမှအထက်တန်းအထိ သင်ယူနိုင်ကာ အခြေခံအင်္ဂလိပ်စာများကို ပို့ချပေးနေသည်။

သမ္မတဦးသိန်းစိန်အစိုးရသစ်၏ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့် အသုံးစရိတ်တွင် စစ်ရေးအတွက် ၃၀ ရာခိုင်နှုန်းနီးပါးရှိသော်လည်း ပညာရေးအသုံးစရိတ်မှာ ၄.၅၇ ရာခိုင်နှုန်းသာရှိသည်။ မြန်မာနိုင်ငံတွင် အခြေခံပညာသင်ကျောင်းပေါင်း ၄ သိန်း တသောင်းခန့်ရှိပြီး ကျောင်းသား ၈ သန်းခန့်ရှိကြောင်း ပညာရေးဝန်ကြီး ပြောဆိုချက်အရသိရသည်။

---

**စာမျက်နှာ ၈ မှ**

စသည့် အဆင်မပြေမှုများနှင့်ရင်ဆိုင်နေရသည်။ ထိုအဆင်မပြေမှုများသည် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်သင့်မည်ကို ကြောက်သောစိတ်နှင့်ပေါင်းစပ်ပြီး စိတ်ရောဂါယ်ပါဒကွဲရောက်နေသူများစွာရှိသည်။

လေယာဉ်လက်မှတ်ခ ဈေးကြီးပေးကာ ပြန်သွားကြသူများလည်း ရှိကြသည်။ စာရေးသူ အကြံပေးလိုသည်မှာ ယခုအချိန်တွင် တိုကျိုအနီးတဝိုက်၌နေရန် စိတ်မရဲကြသူများသည် အိုဆာကာ၊ ကျူးရှူးစသည့် ပိုမိုဝေးသောတောင်ဖက်ခြမ်းသို့ ခဏတဖြုတ်သွားရောက် နေထိုင်သင့်ပါသည်။ရောင်ခြည်သင့်မည့်အန္တရာယ်မှာ အထက်တွင်တင်ပြခဲ့သည့်အတိုင်း အလွန်စိုးရိမ်ရသော အခြေအနေတွင် မရှိသေးပါ။

# ဧရာဝတီတိုင်း ရေလုပ်သားများ ဒေသခံအာဏာပိုင်များရဲ့ အဓမ္မလုပ်အားခိုင်းစေမှုများ ခံနေကြရ

**Irrawaddy | ၆မေ ၂။** ။ နာဂစ်မုန်တိုင်းဒဏ်အား ၂၀၀၈ ခုနှစ်က ဆိုးရွားစွာခံခဲ့ရသော ဧရာဝတီတိုင်းရှိ ဖျာပုံခရိုင် ပင်လယ်ပြင်တွင် ကျားဖောင်လိုက်သည့် ရေလုပ်သားများကို စာရင်းဒိုင်များက ဒေသအာဏာပိုင်များနှင့်ပူးပေါင်းကာ အဓမ္မခိုင်းစေမှုများ ပြုလုပ်ကြောင်း ရေလုပ်သားများကပြောဆိုသည်။

“ယူထားတဲ့ပိုက်ဆံမကျေဘဲ ပင်လယ်ပြင်ကနေပြန်တက်ရင် အာဏာပိုင်တွေနဲ့ပေါင်းပြီး ဖမ်းခိုင်းတယ်”ဟုဖျာပုံခရိုင် နောက်မီးကျေးရွာတွင်နေထိုင်ပြီး နှစ် ၃၀ကျော် ကျားဖောင်လုပ်ကိုင်သူ ဦးသောင်းအေးကပြောသည်။ စာရင်းဒိုင် (ငါး၊ ပုစွန်အရောင်းဒိုင်)များသည်ကျားဖောင်လိုက်သည့် ရေလုပ်သားများ၏ လုပ်ခလစာအပြည့် အဝမပေးခြင်း၊ နာမကျန်းဖြစ်၍ နေအိမ်သို့ပြန်လိုပါက ခွင့်မပေးခြင်းများ ပြုလုပ်ကြောင်း ဖျာပုံမြို့နယ် မြစ်တန်းကျေးရွာမှ ရေလုပ်သားဦးဝင်းဗိုလ်ကလည်း ပြောဆိုသည်။

“ကျနော်တို့ ကျားဖောင်နဲ့ပင်လယ်ပြင်ထွက်ရင် အနည်းဆုံး လေး၊ ငါးလ ကြာတယ်။ အဲဒီအချိန်နာမကျန်းဖြစ်လို့ ကျနော်တို့ဆီ ငါးသယ်လာတဲ့အခါ ပိုင်ရှင်တွေကပြန်မခေါ်ဘူး။ ကိုယ့်ဘာသာကုန်းပေါ်တက်လာရင်လည်း ရဲနဲ့စစ်တပ်နဲ့ကဖမ်းသေးတယ်”ဟု ၎င်းကဆိုသည်။ ပင်လယ်ပြင်ထွက်ပြီး ငါးရှာဖွေသည့် ကျားဖောင်လုပ်ငန်းများကို ၁၉၇၅ မှ စတင်လုပ်ကိုင်လာကြပြီး ၁၉၈၃တွင်ပိုမိုတွင်ကျယ်ကာ ယခုအချိန်ထိ ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

ရာသီဥတု သဘာဝဘေးဒဏ်ကြောင့် ပင်လယ်တွင်း မျောပါခဲ့ရသည့် ကျားဖောင်လုပ်သားများအပေါ်တွင်လည်း လုပ်ငန်းရှင်များက ခေါင်းပုံဖြတ် မတရားပြုမှုများရှိသည်ဟု ရေလုပ်သားများကပြောသည်။ ပြီးခဲ့သည့် မတ်လ တတိယပတ်အတွင်းက လေပြင်းတိုက်၍ပင်လယ်ပြင်အတွင်းမျောပါခဲ့သူ ဦးလှအောင်ကလည်း“ကျနော်ပြန်တက်လာတော့ လုပ်ခက ကျပ် တသိန်းကျော်ရမှာ ဒါပေမယ့် ပိုင်ရှင်က သူတို့ဖောင်ဆုံးရှုံးတယ်။ ငါးမရဘူးဆိုပြီး ဟိုနုတ်ဒီနုတ်နဲ့ တသောင်းလောက်ပဲ ရလိုက်တယ်”ဟု ပြောပြသည်။

ထို့အပြင် စားရင်းဒိုင်အများစုသည် မတ်လအတွင်း တစ်နာရီမိုင် ၇၀နှင့် ၈၀ကြား ပင်လယ်ပြင်တွင် တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ရေလုပ်သားများစွာ ပင်လယ်ပြင်အတွင်းမျောပါသွားမှုကို ပြန်လည်ဆယ်ယူကယ်ဆယ်မှု မပြုလုပ်ခဲ့ကြောင်းလည်းသိရသည်။

“အလုပ်သမားပေါ်အရမ်းကောင်းတဲ့စာရင်းဒိုင်တွေက လေပြင်းလဲငြိမ်ရော စက်လှေတစီးနဲ့ ပင်လယ်ပြင်က သူ့လုပ်သားတွေရော အခြားလူတွေကိုရော လိုက်ဆယ်တာ၊ ကျနော်တို့ ပိုင်ရှင်ကတော့ ဆီဖိုးကုန်မှာဆိုးလို့ လိုက်မဆယ်ဘူး”ဟု ဦးလှအောင်ကပြောသည်။

ဖျာပုံခရိုင်အတွင်းရှိ နောက်မီး၊ ဖန်ဒါပင်၊ ခါးပြတ်၊ ချောင်းဝ၊ ရွှေလှေညှင်း၊ဘုန်းကြီးတောင်၊ ကြံကန်၊ မြစ်တန်းစသော ကျေးရွာများမှ ရေလုပ်သားများသည် ပင်လယ်ပြင်တွင် ကျားဖောင်လိုက်ပြီး ဝမ်းစာရှာနေသူများဖြစ်သည်။

ယင်းရေလုပ်သားများသည် ပင်လယ်ပြင်တွင် ဒုက္ခကြုံတွေ့စဉ် စာရင်းဒိုင်များကယ်ဆယ်မှုမရှိခြင်း၊ လုပ်ခလစာများကို အပြည့်အဝမပေးခြင်းနှင့် ခေါင်းပုံဖြတ်ခြိမ်းခြောက်ခြင်းတို့ကြောင့် ကျားဖောင်လိုက်ရသည့်အလုပ်ကို စိတ်ပျက်နေကြောင်းသိရသည်။

ထိုကဲ့သို့ ပင်လယ်ပြင်အတွင်း ကြုံတွေ့ခဲ့သောအဖြစ်ဆိုးကြောင့် ရေလုပ်သားများအနေဖြင့် ယင်းလုပ်ငန်းအပေါ် စိတ်ကုန်သွားခြင်း၊ ကျားဖောင်လုပ်ငန်းပိုင်ရှင်များ၏ ခေါင်းပုံဖြတ်မှုများကြောင့် လာမည့် ငါးဖမ်းရာသီတွင် လုပ်သားရှားပါးမှုနှင့်ကြုံတွေ့လာနိုင်ကြောင်း ဒေသခံများကပြောဆိုကြသည်။

ကျားဖောင်များအသုံးပြု၍ ငါးဖမ်းလုပ်ကိုင်ခြင်းကို စက်တင်ဘာလမှ ဧပြီလအတွင်းလုပ်ကိုင်ကြပြီး ကျားဖောင်လုပ်ငန်းရှင် တဦးလျှင် ကျားဖောင် ၁၀ ဖောင်အနည်းဆုံးလုပ်ကိုင်ကြပြီး ဖျာပုံဒေသတွင် လုပ်ငန်းရှင် ၁၀၀ နီးပါးရှိကြောင်းသိရသည်။

၂၀၁၁ မတ်လတတိယပတ်အတွင်းဖြစ်ပွားခဲ့သော လေပြင်းကြောင့် ကျားဖောင်စုစုပေါင်း ၃၅၉၉ ဖောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ရေလုပ်သား ၁၆၂၆၈ ဦး ပင်လယ်ပြင်အတွင်းမျောပါကာ ၅၈၀ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တရားဝင်သတင်းထုတ်ပြန်ထားသည်။ ကျားဖောင်များဖြင့် ငါးဖမ်းဆီးခြင်းမှရရှိသော ရေထွက်ပစ္စည်းများမှာပုစွန်ခြောက်၊အာပြဲခြောက်၊ကြက်စာငါးခြောက်၊ ပင်လယ်ငါးပိ စသည်တို့ ဖြစ်ကြောင်းသိရသည်။

၂၀၀၈ ခု မေလ ၂ ရက်နှင့် ၃ ရက်တွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများကို တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းအတွင်း အိုးမဲ့အိမ်မဲ့ ၈ သိန်း ကျော်ရှိပြီး လူပေါင်းသန်းချီ၍ ဘေးဒုက္ခကြုံတွေ့ရကြောင်း သုတေသန အစီရင်ခံစာများအရသိရသည်။

ကမ္ဘာ့ကုလသမဂ္ဂက ယင်း နာဂစ်မုန်တိုင်းကြောင့် သေကြေပျောက်ဆုံးသူပေါင်း ၁သိန်း ၄ သောင်း ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ နာဂစ်မုန်တိုင်းတိုက်ခတ်မှု ၃ နှစ်ပြည့်သည့် ယနေ့အချိန်အထိ ဧရာဝတီတိုင်း နာဂစ်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ပြုလုပ်နေရဆဲဖြစ်သည်။

---

# အစိုးရသစ် လွတ်ငြိမ်းချမ်းသာခွင့် ပေးဖွယ်ရှိ

**RFA | ၆မေ ၂။** ။ အစိုးရသစ်အနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ဖို့ စီစဉ်နေတယ်လို့ ရန်ကုန်ကလာတဲ့ AFP သတင်းတရပ်က ဖော်ပြပါတယ်။

ဒါပေမဲ့ အဲဒီလွတ်ငြိမ်းချမ်းသာခွင့်မှာ နိုင်ငံရေးအကျဉ်းသားတွေပါ မပါတော့မသေချာကြောင်း အစိုးရအရာရှိတဦးရဲ့ပြောဆိုချက်ကို ကိုးကားပြီး သတင်းမှာဖော်ပြထားပါတယ်။

သမတဦးသိန်းစိန်ဟာ ကြာသပတေးနေ့ အင်ဒိုနီးရှားနိုင်ငံမှာကျင်းပမဲ့ အာဆီယံထိပ်သီးအစည်းအဝေးကိုတက်ရောက်မှာ ဖြစ်ပါတယ်။ သမတသစ်အနေနဲ့ ပထမဆုံး နိုင်ငံတကာခရီးစဉ်အဖြစ်နဲ့အချိန်ကိုက် လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်နိုင်ဖွယ်ရှိတယ်လို့ အမည်မဖော်လိုတဲ့ မြန်မာအစိုးရအရာရှိတဦးကပြောဆိုခဲ့ကြောင်း AFP သတင်းမှာဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ အစိုးရသစ်တက်လာချိန် လွတ်ငြိမ်းချမ်းသာခွင့် ပေးဖို့အစီအစဉ်ရှိတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်ခဲ့ပေမဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေး မပေးဆိုတဲ့အပေါ် သံသယရှိနေကြပါတယ်။

လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AI အပါအဝင် နိုင်ငံရေးစောင့်ကြည့်အဖွဲ့တွေရဲ့ အဆိုအရ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၂,၂၀၀ ကျော် ရှိပြီး ကမ္ဘာပေါ်မှာ နိုင်ငံရေးအကျဉ်းသား အများဆုံးရှိနေတဲ့နိုင်ငံဖြစ်ပါတယ်။

# တမူး သစ်စက်ပိုင်ရှင်နဲ့အလုပ်သမားများ ဖမ်းဆီးခံရ

**RFA ၊ မေ ၅ ။** ။ အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့မှာရှိတဲ့သစ်စက်တော်တော်များများက သစ်စက်ပိုင်ရှင်တွေနဲ့ သစ်စက်အလုပ်သမား ၅၀ ကျော်ကို သစ်တောဆိုင်ရာဥပဒေနဲ့ ထောင်ဒဏ်နှစ် နှစ်စီ ကျခံစေဖို့ စစ်ကိုင်းတိုင်း တမူးမြို့နယ်တရားရုံးက မေလ ၄ ရက် မနေ့က စီရင်ချက်ချမှတ်ခဲ့ပါတယ်။

အိန္ဒိယကို တရားမဝင်သစ်များတင်သွင်းမှုနဲ့ ပြီးခဲ့တဲ့ ဧပြီလ ၁၉ ရက်နေ့က နေပြည်တော်အထူးညွှန်ကြားချက်ဖြင့် ဖမ်းဆီးခံခဲ့ရတဲ့ သစ်စက်တချို့က စက်ပိုင်တွေနဲ့အလုပ်သမား ၇၀ ခန့် ဖြစ်ပါတယ်။ အဖမ်းဆီးခံရတဲ့ ၇၀ ခန့်ထဲက အသက်မပြည့်သေးတဲ့ ကလေးငယ် ၁၁ ယောက်ကို ရက်သတ္တပတ်အကြာထိန်းသိမ်းထားပြီး တမူးမြို့အချုပ်ထဲက ပြန်လွှတ်ပေးခဲ့ပါတယ်။ ကျန်တဲ့အယောက် ၅၀ ကျော်ကိုတော့ မနေ့က တမူးမြို့နယ်တရားရုံးမှာ ပုဒ်မ-၄/၁ ဂ သစ်တောဆိုင်ရာဥပဒေဖြစ်တဲ့ တရားမဝင် နိုင်ငံခြားကိုသစ်ခိုးထုတ်မှုနဲ့တဦးကို ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ခဲ့တာဖြစ်ပြီး တရားရုံးထဲကိုဘယ်သူမှ ဝင်ခွင့်မရကြောင်း အဖမ်းခံရတဲ့ထဲက သစ်စက်ပိုင်ရှင်တဦးရဲ့ မိသားစုဝင်တဦးက ပြောပါတယ်။

စွဲဆိုထားတဲ့ဆိုင်ရာဥပဒေပုဒ်မမှာ သစ်မှောင်ခိုမှုဖြစ်နေပေမဲ့ တိုင်း၊ မြို့နယ်၊ ခရိုင်၊ ရဲနဲ့ သက်ဆိုင်ရာ စစ်တပ်အာဏာပိုင်တွေဆီက ခွင့်ပြုချက်တွေနဲ့ လစဉ်ကြေးပေးပြီး လုပ်ကိုင်နေရတာဖြစ်တယ်လို့ စက် ပိုင်တဦးရဲ့ မိသားစုဝင်ကပြောပါတယ်။

"ဒီတမူးနယ်ကပေ့ါနော် လုပ်ခွင့်ပေးတာပေ့ါနော်၊ လုပ်ခွင့်ပေးတယ်ဆိုတာက ညှိနှိုင်းပြီးတော့ တလမှာဆိုရင် သူတို့က မယရ ကို နှစ်သိန်းခွဲပေ့ါနော်၊ စစ်တပ်ကို နှစ်သိန်း၊ ရဲမင်းကြီးကို နှစ်သိန်း၊ တမူးခရိုင်ဆိုရင်လည်း နှစ်သိန်းပေ့ါနော်၊ ပြီးတော့ဒေသအလိုက်၊ ဒီနယ်အလိုက် စစ်တပ်ကိုပေ့ါနော် နှစ်သိန်း၊ အဲဒီလိုမျိုးပေးတယ်၊ ငွေကြေးအခွန်ဆောင်တာပေ့ါ ဆောင်ပြီးမှ အဲလိုမျိုးလုပ်ခွင့်ပေးတယ်။ လုပ်ခွင့်ပေးပြီးမှ တခါတည်း သူတို့ကဖမ်းတာပေ့ါနော်။ တလတလကိုငွေတွေဆယ့်ငါးသိန်း၊သိန်းနှစ်ဆယ်ဝန်းကျင် ငွေတွေလာဘ်စားပြီးမှယူတယ်"

ထောင်ဒဏ် ၂ နှစ်စီ ချခံရတဲ့အထဲက တချို့မှာ ကျောင်းအားရက် သစ်စက်အလုပ်သမားအဖြစ်လုပ်ကိုင်ရင်း ကျောင်းစရိတ်ရှာနေတဲ့ ကျောင်းသားတွေပါဝင်ပြီး ကျန်လူတွေမှာ အဓိက အိမ်ထောင်ဦးစီးတွေဖြစ်တဲ့အတွက် မိသားစုတွေအတွက် တော်တော်လေး ဒုက္ခရောက်ကုန်ကြတယ်လို့ သူကဆက်ပြောပါတယ်။

"ထောင်ကျတဲ့လူတွေကလည်း ငါးဆယ့်ငါးယောက်ထဲမှာ ၁၇၊ ၁၈ လောက်က အဝေးသင်တက္ကသိုလ်ကျောင်းသားတွေ၊ ကျမ်းစာ ကျောင်းသားကလေးတွေပေ့ါနော် သူတို့ကျောင်းပိတ်တဲ့အချိန် ကျောင်းစရိတ်အတွက် ငွေရှာနေကြတာပေ့ါနော်၊ ကျောင်းဆက်တက်ဖို့ကလေးတွေလည်းပါတယ်။ ကျန်ခဲ့တဲ့မအေတွေက ပိုပြီးတော့ ရင်နာရတာပေ့ါ၊ အခု ဖမ်းခံရတဲ့လူတွေကြည့်ရတာလည်း မိသားစုထဲမှာ ငွေရှာတဲ့လူတွေချည်းပဲအဖမ်းခံရတာဆိုတော့ ကျန်ခဲ့တဲ့ မိသားစုတွေက မအေတို့၊ အမျိုးသမီးတွေ၊ အဖွားကြီးတွေ၊ ကလေးတွေပဲ ဆိုတော့လေ မိသားစုအတွက် ပိုပြီးအရမ်းခက်ခဲတာပေ့ါ"

ပြစ်ဒဏ်ပေးခံရတဲ့ အယောက် ၅၀ ကျော်စလုံးဟာ ကူကီး အမျိုးသားတွေပဲဖြစ်ပါတယ်။ အခုအကြိမ်ဟာ မြန်မာပြည်က အိန္ဒိယကို တရားမဝင် သစ်ခိုးထုတ်မှုအပေါ် ဖမ်းဆီးစစ်ဆေးတာ ပထမဆုံးအကြိမ်ဖြစ်ပြီး နေပြည်တော်က တိုက်ရိုက်အမိန့်ပေးဖမ်းခိုင်းတာ ဖြစ်တယ်လို့သိရပါတယ်။

---

**ပြက္ခဒိန်မှ**

May မှ သုံးသပ်၏။

**မေ၅၊** Channel News Asia **॥ ॥** မြန်မာ သမတဦးသိန်းစိန်သည် အင်ဒိုနီးရှားသို့ တရားဝင်အလယ်အပတ်အဖြစ်ရောက်ရှိနေ၏။

**မေ၆၊** DVB **॥ ॥** အာဆီယံသည် အဖွဲ့ဝင်နိုင်ငံအားလုံး တခုတည်းသောငွေကြေးစနစ်သုံးရန်သုံးသပ်နေ၏။ ယင်းသည် မြန်မာအာဏာရှင်အစိုးရအား ငွေကြေးဆိုင်ရာ ပိုမိုပွင့်လင်းမှုသို့ မပြောင်းလဲရေး မလုပ်မနေရပြောင်းလဲစေနိုင်သည်။

**မေ ၅၊** Mizzima **॥ ॥** အဲန်အဲလ်ဒီမှရှေ့နေများသည် အာဏာပိုင်များဖမ်းသွားသော စစ်ဗိုလ်ဟောင်း စေတနာ့ဝန်ထမ်းအတွက် ရှေ့နေလိုက်မည်။

**မေ ၅၊** Mizzima **॥ ॥** အဲန်အဲလ်ဒီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကို ဧပြီ ၂၄ တွင် စတင်တည်ထောင်ခဲ့၏။

**မေ ၅၊** JKT **॥ ॥** မြန်မာအား အာဆီယံအလှည့်ကျသဘာပတိနိုင်ငံအဖြစ် ၂၀၁၄ – ၁၆ တွင် ဖြစ်နိုင်ကြောင်း ထိုင်းနှင့်စင်္ကာပူတို့မှဆို၏။

**မေ ၅၊** BP **॥ ॥** သီးသန့်လွတ်လပ်သောအင်ဂျီအိုများနှင့် နအဖ ဖန်တီးထားသည့်အင်ဂျီအိုများ မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျသဘာပတိနေရာကို ပေးသင့်မပေးသင့် သီးသန့် အာဆီယံထိပ်သီးအစည်းအဝေး ASC/APF တွင် ထိပ်တိုက်ငြင်းခုံမှုများဖြစ်ခဲ့၏။

**မေ ၅၊** Asia Sentinel **॥ ॥** စစ်အုပ်ချုပ်သူများ၏အကူအညီမရမှုကြောင့် နာဂစ်မုန်တိုင်းထိဒေသခံများစွာသည် ယခုတိုင် နလံမထူနိုင်သေးကြောင်း။

**မေ ၅၊** Jakarta Post **॥ ॥** မြန်မာအစိုးရ၏ နယ်ခြားပြဿနာများကို လက်နက်နည်းဖြင့်ဖြေရှင်းခြင်းနှင့် ပင်လယ်ပြင်ပြဿနာများကြောင့် မြန်မာနိုင်ငံသည် ၂၀၁၅ တွင် အပြည့်အဝ အဖွဲ့ဝင်ဖြစ်ရေးကို မေးမှိန်စေကြောင်း နည်းဗျူဟာနှင့်အပြည်ပြည်ဆိုင်ရာလေ့လာမှုစင်တာမှ ဒါရိုက်တာချုပ် Rizal Sukma မှဆို၏။

**မေ ၅၊** Business Time **॥ ॥** စင်္ကာပူမှ Silver Wave Energy Pte Ltd နှင့် BFI Holding PTE Ltd. နှင့် ဂျပန်မှ StarField Corp. နှင့် Star Holding Corp. တို့သည် ဖက်စပ်၍ အကွက် B (B2) မြန်မာသဘာဝဓာတ်ငွေ့ပူးပေါင်းရှာဖွေရေးစာချုပ် ချုပ်ခဲ့ကြောင်း။

**မေ ၅၊** CNBC.com **॥ ॥** ဦးမြင့်အားခန့်ထားခြင်းဖြင့် စစ်အာဏာရှင်သည် အနည်းငယ်တော့ပြောင်းလာဖွယ်ရှိကောင်းရှိနိုင်ကြောင်း လေ့လာသူအချို့မှ သုံးသပ်၏။

**မေ ၅၊** Irrawaddy **॥ ॥** မြန်မာစစ်ဦးစီးချုပ် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် မေလ လယ်တွင် တရုတ်သို့သွားလည်ဖွယ်ရှိ၏။

**မေ၅၊** DVB **॥ ॥** ထိုင်းသို့မြန်မာမှလူများလာနိုင်ရန် လူကုန်ကူးဂိုဏ်းများ၊ တရားမဝင်လုပ်သားများအား ငှားရမ်းသူများကို ထိုင်းအရာရှိများမှ အရေးယူဖမ်းဆီးမည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာနမှဆို၏။

**မေ ၇၊** BBC **॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုဒါရိုက်တာခန့်အပ်ထားသည့် ယူကေရှိ ဘရိုက်တန်ပွဲတော် ယနေ့စတင်၏။

---

# စီးပွားရေးလုပ်ငန်းရှင် ဦးတေဇမိသားစု အီတလီသွားခွင့်ရကြောင်း

**BBC ၊ မေ ၆ ။** ။ မြန်မာနိုင်ငံမှာ စစ်အစိုးရနဲ့ပူးတွဲစီးပွားရေးလုပ်ခဲ့တဲ့ လုပ်ငန်းရှင်ကြီး ဦးတေဇရဲ့ဇနီးနဲ့သမီးဖြစ်သူတို့ မကြာခင်က အီတလီနိုင်ငံကိုလာရောက်ပြီး ဆေးကုခံယူသွားခဲ့တယ်ဆိုတဲ့ သတင်းတွေထွက်ခဲ့ပါတယ်။

ဒီသတင်းကို အီတလီနိုင်ငံက လာရီပူဘလီကာ သတင်းစာထဲမှာဖော်ပြခဲ့တာဖြစ်ပြီး အီတလီသတင်းထောက်တယောက် မကြာသေးခင်ကရန်ကုန်ကိုသွားပြီး ဦးတေဇရဲ့အိမ်မှာ သူ့ကိုတွေ့ဆုံမေးမြန်းပြီး ရေးသားခဲ့တာဖြစ်ပါတယ်။ ဦးတေဇနဲ့မိသားစုကို ဥရောပသမဂ္ဂက ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ထားတာမို့ ဘယ်လိုသူတို့အီတလီကိုရောက်လာနိုင်ခဲ့ပါသလဲဆိုတာ အီတလီနိုင်ငံခြားရေးဌာနကို စာရေးမေးထားတယ်လို့ အီတလီရဲ့အကြီးဆုံးအလုပ်သမားသမဂ္ဂ ချီဆယ်က အမှုဆောင်အရာရှိ ချီချီလီယာလရစ်ဂီက ပြောပါတယ်။

"ဗီဇာပိတ်ထားတာကို ပြီးခဲ့တဲ့ လ က အီးယူအတွင်းမှာ သက်တမ်းထပ်တိုးထားပါတယ်။ ဒီကြားထဲက ဘယ်လိုလာသွားနိုင်လာလဲ၊ ဘယ်သူကဗီဇာထုတ်ပေးတာလဲ၊ ဘယ်လိုအခြေအနေနဲ့ထုတ်ပေးတာလဲ၊ ဒါတွေရှင်းပြဖို့ နိုင်ငံခြားရေးဌာနကညွှန်ချုပ်နဲ့ တွေ့ခွင့်တောင်းထားပါတယ်။ အီးယူနိုင်ငံတွေမှာလည်း ဗီဇာကန့်သတ်ထားတဲ့လူတွေ ရောက်လာနေတယ်ဆိုရင် ဘယ်သူကတာဝန်ရှိသလဲ၊ ဘယ်လိုစစ်ဆေးကြသလဲ ဆိုတာတွေသိချင်ပါတယ်။"

သတင်းအရတော့ ဦးတေဇရဲ့မိသားစုဟာ သမီးကိုဆေးကုဖို့ မီလန်မြို့ကိုရောက်လာခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။ ဦးတေဇကိုယ်တိုင် အီတလီကိုလာသွားသလားဆိုတာလဲ ရှင်းရှင်းလင်းလင်းတော့မသိရသေးပါဘူး။ မိဘတွေကိုပိတ်ပင်ထားတာနဲ့ ကလေးဆေးကုသခွင့်ဆုံးရှုံးရတာမျိုးကို မလိုလားပေမယ့် စည်းကမ်းအတိုင်းဖြစ်တာကိုတွေ့ချင်တယ်လို့ မစ္စက်ချီချီလီယာ ကပြောပါတယ်။

---

# ၂၁ ရာစု ပင်လုံညီလာခံ စာတမ်းဖတ်ပွဲကျင်းပမည်

**RFA ၊ မေ ၆ ။** ။ ၂၁ ရာစု ပင်လုံညီလာခံနဲ့ပတ်သက်ပြီး CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက ပညာရှင်တွေရဲ့ စာတမ်းဖတ်ပွဲတရပ်ကို ကျင်းပသွားမယ်လို့ ကော်မတီအတွင်းရေးမှူး ဦးအေးသာအောင်က မေလ ၆ ရက် ဒီနေ့ ပြောကြားလိုက်ပါတယ်။

ရန်ကုန် NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ကျင်းပတဲ့ လစဉ်ပုံမှန်အစည်းအဝေးမှာ တက်ရောက်လာသူတွေက ၂၁ရာစု ပင်လုံညီလာခံစာတမ်းကိစ္စဆွေးနွေးပြီး ဆုံးဖြတ်ချက်ချမှတ်လိုက်တာလို့ ဦးအေးသာအောင်က ပြောပါတယ်။

"၂၁ ပင်လုံနဲ့ပတ်သက်လို့ ပညာရှင်များဆီက စာတမ်းတွေတောင်းခံဖို့ရယ် ပြီးတော့ စာတမ်းဖတ်ပွဲလုပ်မယ်။ ပြီးတော့ ဒီစာတမ်းတွေအပေါ်မှာ သုံးသပ်ချက်တွေနဲ့တကွ စာတမ်းတွေကိုပေါင်းပြီး တော့လည်းပဲ စာအုပ်အဖြစ် ထုတ်မယ်။ ဒီ အစီအစဉ်အရပြည်တွင်းကရော ပြည်ပကပါ ပညာရှင်ဆီက စာတမ်းတွေကို တောင်းမယ်၊ တချို့ပညာရှင်တွေကတော့ ကိုယ်တိုင် စာတမ်းလာ ဖတ်မယ်။ နောက်တချို့ကတော့လည်းပဲ ကိုယ်တိုင် မလာနိုင်ရင် ကျွန်တော်တို့ဆီက တယောက်ယောက်ကဖတ်မယ်။ ဒီဟာ ဒီနေ့ ဆုံး ဖြတ်ပါတယ်။"

**စာမျက်နှာ ၁၈ သို့**

တကယ်တော့ ဥရောပ ၂၅ နိုင်ငံကိုသွားခွင့်ရှိတဲ့ ရှဲန်ဂန်ဗီဇာ ကို အဲဒီအဖွဲ့ဝင်တနိုင်ငံကယူလာပြီးမှ အီတလီကိုဝင်လာသလား၊ တခြားဥရောပနိုင်ငံတွေကိုရော သွားသေးသလားဆိုတာလဲ စုံစမ်းနေတယ်လို့ပြောပါတယ်။

ဦးတေဇက အီတလီသတင်းထောက်ကို သူ့အိမ်မှာရှိနေတဲ့ တန်ဘိုးကြီးလှတဲ့ ပရိဘောဂတွေကိုပြပြီး အီတလီကဝယ်လာတာလို့လည်း ပြောတယ်လို့ဆိုပါတယ်။ အီတလီအပါအဝင် ဥရောပနိုင်ငံကြီးတချို့က စီးပွားရေးသမားတွေက မြန်မာနိုင်ငံနဲ့စီးပွားရေးလုပ်ငန်းတွေပြန်စဖို့ ဆန္ဒရှိနေကြတယ်လို့လည်း ချီချီလီယာကပြောပါတယ်။

အီတလီက ပရိဘောဂဆိုင်ကြီးတချို့မှာဆို တင်သွင်းခွင့်တားမြစ်ထားတဲ့ကုန်ပစ္စည်းဖြစ်တဲ့ မြန်မာနိုင်ငံကကျွန်းသစ်တွေ တွေ့နေရတုန်းဘဲလို့လည်းဆိုပါတယ်။ အီးယူရဲ့မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ပီယာရိုဖက်ဆီနိုင်ကိုတော့ မြန်မာအစိုးရက လာခွင့်မပေးသေးဘဲ အီးယူကဗီဇာပိတ်ထားတဲ့ ဦးတေဇရဲ့မိသားစု အီတလီကိုလာသွားနိုင်တာကို အီတလီအစိုးရ ဘယ်လိုဖြေရှင်းမလဲဆိုတာ ကြားချင်တယ်လို့လည်း အီတလီအလုပ်သမားသမဂ္ဂ ချီဆဲလ်ရဲ့အမှုဆောင် မစ္စက် ချီချီလီယာကပြောသွားပါတယ်။

---

# လူထုအခြေပြုညီလာခံ ဂျကာတာတွင် ကျင်းပ

**RFA ၊ မေ ၃ ။** ။ အာဆီယံလူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ညီလာခံကို ဒီကနေ့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပပြုလုပ်ရာ ထိုင်းအခြေစိုက် မြန်မာ့ရေးရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်တွေ တက်ရောက်ခဲ့ပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် က နုတ်ခွန်းဆက်သဝဏ်လွှာပေးပို့ခဲ့ပါတယ်။

ညီလာခံရဲ့အဖွင့်မိန့်ခွန်းမှာ ကိုယ်တိုင်တက်ရောက်လာတဲ့ အင်ဒိုနီးရှားဒုတိယသမ္မတ Dr. Boediono နဲ့အတူ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗီဒီယိုမိန့်ခွန်းကိုပြသခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိန့်ခွန်းမှာ အင်ဒိုနီးရှားနိုင်ငံမှာ အာဏာရှင်ဗိုလ်ချုပ် ဆူဟာတို အစိုးရအုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သလိုပဲ မြန်မာနိုင်ငံမှာလည်း အလားတူအောင်မြင်မှုမျိုး ရချင်ပါတယ်လို့ပြောသွားပါတယ်။

မြန်မာ့အရေးအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကျင်းပခဲ့ပေမယ့် စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုတွေမရှိသေးဘူးဆိုတဲ့အကြောင်း အစီရင်ခံတင်ပြမှာဖြစ်တယ်လို့ ညီလာခံကိုတက်ရောက်နေသူ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ ပြောခွင့်ရ အမျိုးသမီးမခင်ဥမ္မာက ပြောပါတယ်။

အာဆီယံလူထုညီလာခံကို မြန်မာအစိုးရဘက်က စေလွှတ်တဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေလည်း တက်ရောက်ကြပါတယ်။ ညီလာခံကို မေလ ၃ ရက်နေ့ကနေ ၅ ရက်နေ့ထိ ဂျကာတာမြို့မှာကျင်းပပြီး ကမ္ဘာတဝှမ်းကတက်ရောက်လာသူ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်ရှိပါတယ်။

ဒီညီလာခံရဲ့ဆုံးဖြတ်ချက်တွေကို မေလ ၅ ရက်နေ့မှာကျင်းပမယ့် အာဆီယံထိပ်သီးညီလာခံကို ပေးအပ်မှာဖြစ်ပါတယ်။ လက်ရှိအာဆီယံရဲ့အလှည့်ကျဥက္ကဋ္ဌနေရာကို အင်ဒိုနီးရှားနိုင်ငံက ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ စတင်ထမ်းဆောင်ခဲ့ပါတယ်။

# ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ရေး အနှစ် နှစ်ဆယ်တိုင်သော်လည်း မြန်မာနိုင်ငံဟာသတင်းလွတ်လပ်ခွင့်ဝေးနေ

**Mizzima၊ ၆မေ ၂။ ။** ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ရေးနေ့ World Press Freedom Day ကို အနှစ် ၂၀ တိုင်တိုင်ဆင်နွှဲ လာပြီဖြစ်ပေမယ့် မြန်မာနိုင်ငံမှာတော့ သတင်းစာလွတ်လပ် ခွင့်တွေမရှိသေးသလို စာပေစိစစ်ရေးရဲ့ထိန်းချုပ်မှုရှိနေသရွေ့ သတင်းစာလွတ်လပ်ခွင့်လည်း ရှိမှာမဟုတ်ဘူးလို့ သတင်းသမားတွေက ပြောဆိုကြပါတယ်။

ဒါပေမဲ့ သမ္မတဦးသိန်းစိန်အစိုးရသစ်လက်ထက် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက် စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာနက ပြည်တွင်းသတင်းမီဒီယာတွေ ကန့်သတ်ထားချက်အချို့ကို မကြာခင်ကရုပ်သိမ်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ နေ့စဉ်သတင်းစာထုတ်ဝေခွင့်တွေကို ထိန်းချုပ်ထားပြီး ပုဂ္ဂလိကဂျာနယ်တွေကို ထုတ်ဝေခွင့်ပေးထားပေမယ့်မဖြန့်ချိမီ စစ်ဗိုလ်တွေဦးစီးတဲ့ဆင်ဆာအဖွဲ့ကို ကြိုတင်ရပါတယ်။ အခုနောက်ပိုင်းမှာ သတင်းတွေကို ဖြတ်တောက်မှုတွေနည်းနည်း လျော့လာတယ်လို့ ပုဂ္ဂလိကဂျာနယ်မှာလုပ်နေတဲ့ ဝါရင့်အယ်ဒီတာတဦးကပြောပါတယ်။ယခင် စာပေစိစစ်ရေးက ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက် တဲ့ ဝေဖန်မှုတွေ၊ ယိုယွင်းမှုတွေ၊ တောင်သူလယ်သမားတွေရဲ့ ဒုက္ခအခက်အခဲတွေကို အနည်းအကျဉ်းသာဖော်ပြခွင့်ပေးခဲ့ပြီး လက်ရှိမှာတော့ အဲဒီကိစ္စတွေနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ဖော်ပြခွင့်တွေပေး လာတယ်လို့ဆိုပါတယ်။

"အခုဆိုရင် ခေါင်းစဉ်တွေကအစ နည်းနည်းပြင်းပြင်းရေး ရင်လည်းပေးထားတာတွေ့ရတယ်။ အယ်ဒီတာတွေကိုခေါ်ပြော လက်မှတ်ထိုးခိုင်းတာ၊ သတိပေးတာတွေ မလုပ်တာလည်း တော်တော်ကြာခဲ့ပြီဆိုတော့ လုပ်ရကိုင်ရတာ အများကြီး သက်တောင့် သက်သာရှိလာတယ်။ တကယ့်ကို သိသာတဲ့အချက်ပါ"

အရင်တုန်းက သတင်းထောက်တဦး အပြင်ထွက် သတင်းဓာတ်ပုံရိုက်တဲ့အခါမှာလည်း နေရာတိုင်းရိုက်လို့မရဘဲ ခေါ်ယူစစ်ဆေးခံရတာတဲ့အခြေအနေတွေ ကြုံတွေ့ရသူတွေလဲ မနည်းတော့ပါဘူး။ဒါပေမဲ့ အခုတော့ ဓာတ်ပုံရိုက်ခွင့်တွေ၊ သတင်းမေးမြန်းတာတွေကိုပါ ခွင့်ပြုလာတယ်လို့ အဲဒီအယ်ဒီတာကပဲပြန်ပြောပြပါတယ်။

ဒါပေမဲ့ အမှန်တကယ် သတင်းလွတ်လပ်ခွင့်ကတော့ မှန်းလို့တောင်မရသေးဘူးဆိုပါတယ်။ "သတင်းလွတ်လပ်ခွင့် လုံးဝမရှိသေးဘူး။ ဒီတလ သက်တမ်းအတွင်းမှာလည်း ဝန်ကြီးဌာနတွေမှာသတင်းရယူမှုက အရင်ပုံစံအတိုင်းပဲ ဖြစ်နေတယ်။ ထင်သာမြင်သာ ပြောင်းလဲလာတာမရှိဘူး။ ဖြည်းဖြည်းချင်း ပြောင်းသွားမလားမသိဘူး"သတင်းဂျာနယ် ဝါရင့်အယ်ဒီတာတဦးက မဇ္ဈိမကိုပြောတာပါ။

၁၉၉၁ ခုနှစ် မေလ ၃ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ ယဉ်ကျေးမှုအဖွဲ့ ၂၆ ဖွဲ့ရဲ့ အထွေထွေညီလာခံမှာ သတင်းစာပညာနဲ့ ပတ်သက်တဲ့ အသိပညာဗဟုသုတတွေကိုပြည်သူလူထုကိုပေးဖို့နဲ့သတင်းဖော်ပြခွင့် အရေးကြီးပုံတွေ အစိုးရကိုသတိပေးတဲ့အနေနဲ့ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ရေးနေ့အဖြစ်သတ်မှတ်ခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့သတင်းလွတ်လပ်ခွင့် ပြဒါးတလမ်း သံတလမ်းဖြစ်နေတာ စစ်တပ်အာဏာစသိမ်းခဲ့တဲ့ ၁၉၆၂ ထဲကပါ။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီအာဏာသိမ်းအပြီး ဩဂုတ်လမှာ ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေ Printers and Publishers Registration Law ကိုပြဋ္ဌာန်းခဲ့ရာ အဲဒီဥပဒေအပါအဝင် ကိုလိုနီခေတ်၊ အိမ်စောင့်အစိုးရခေတ် စာပေတည်းဖြတ်မှုဥပဒေတွေဟာ ကနေ့ထိ အသက်ဝင်နေဆဲပါပဲ။ အမေရိကန်အခြေစိုက်တဲ့ နိုင်ငံတကာလွတ်လပ်မှုဆိုင်ရာ Freedom House အဖွဲ့ရဲ့အစီရင်ခံစာမှာ မြန်မာနိုင်ငံဟာ စာနယ်ဇင်းလွတ်လပ်ခွင့်အဆိုးဆုံး ၁၀ နိုင်ငံစာရင်းထဲမှာပါဝင်တယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ မနှစ် နှစ်ကုန်ပိုင်းအထိ သတင်းသမား ၁၇ ဦး ဖမ်းဆီးထောင်ချခံထားရတယ်လို့ အဖွဲ့ကထုတ်ပြန်ခဲ့တယ်။ သူတို့တွေဟာ အများအားဖြင့် အီလက်ထရောနစ်အက်ဥပဒေ၊ ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းအက်ဥပဒေ၊ အရေးပေါ်စီမံမှုအက်ဥပဒေ၊ နိုင်ငံတော်ကာကွယ်ရေးဥပဒေ စတဲ့ပုဒ်မတွေနဲ့ ထောင်ဒဏ်တွေ ချမှတ်ခံရတာပါ။

မြန်မာပြည်တွင်းက သတင်းသမားတွေဟာ မရေရာတဲ့ အခြေအနေတွေအောက်မှာ မီးစင်ကြည့်ကလုပ်နေရတဲ့ အခြေအနေတွေလည်းရှိခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှလွတ်လာခါစပြည်တွင်းဂျာနယ်တွေမှာဖော်ပြခဲ့ပေမယ့်နောက်ပိုင်း သူရဲ့လှုပ်ရှားမှုတွေကို ထည့်ခွင့်မရတော့ဘဲ ထိန်းချုပ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီတပတ်ထဲမှာပဲ လူမှုရေးအဖွဲ့ကိုဦးဆောင်နေတဲ့ ကျော်သူရဲ့လူမှုအသင်း ၁၀ နှစ်ပြည့်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်တဲ့ဓာတ်ပုံတွေကို ဂျာနယ်အချို့မှာဖော်ပြခွင့်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အသင်းခေါင်းဆောင်ဦးကျော်သူရဲ့အမည်ကို ဂျာနယ်တွေမှာဖော်ပြခွင့်မရသေးပါဘူး။

မြန်မာ့အလင်းသတင်းစာမှာဖော်ပြထားတဲ့ဝက်နားရွက်ပြာရောဂါပျံ့နှံ့နေမှု တိ၊ မွေး၊ ကုသရေးဆိုင်ရာအကြီးအကဲတွေ အသိပညာပေးတဲ့သတင်းမျိုးကိုမှ ထောက်ခံချက်ယူဖို့မလိုပေမယ့် နယ်စပ်ကုန်သွယ်ရေး သွင်းကုန်၊ ပို့ကုန်နဲ့ပတ်သက်တဲ့ သတင်းမျိုးဆိုရင် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဆီကနေ ထောက်ခံချက် ယူရတယ်လို့ သိရပါတယ်။

"ခေါ်ယူခြိမ်းခြောက်တာတွေတော့ မရှိဘူး။ အယ်ဒီတာအဖွဲ့က ကတိဝန်ခံချက်ထိုးရတယ်။ အဲဒါတွေလည်း အရင်ထက်စာရင် နည်းသွားတယ်။ ဒါကလည်း ကိုယ့်ဘက်ကဂရုစိုက်လုပ်လာကြလို့ဘဲ။ သတိထားလုပ်လာကြလို့ပါ" အယ်ဒီတာတဦးကပြောတာပါ။

ဒါ့အပြင် သတင်းထောက်တွေဟာ အစိုးရဌာနဆိုင်ရာ အရာရှိတွေနဲ့အင်တာဗျူးလုပ်တိုင်း သူတို့ထောက်ခံချက်တွေ တောင်းခံရမှာလည်း တချို့ဝန်ကြီးတွေဆိုရင် သူပြောဆိုတာကို ထောက်ခံချက်ပြန်ပေးရမယ်ဆိုပြီး စိတ်ဆိုးပြီးသတင်းရင်းမြစ် ပျောက် ဆုံးတဲ့အထိကြုံတွေ့နေရတာပါ။

"လူကြီးတွေကိုသတင်းသွားမေးရင် ရေးပြီးလို့ တင်တော့မယ်ဆိုရင် သူတို့ကိုအရင်သွားပြရတယ်။ သူတို့ဖျူးတုန်းကတော့ တမျိုးပြောတယ်။ လွတ်လွတ်လပ်လပ်ပြောချလိုက်တယ်။ ပြန်ရေးပြီး ပြန်သွားပြတော့ ငါ ဒီလိုမပြောပါဘူးဆိုပြီး ပြန်ပြင်တယ်။ ဒီလိုမရေးရဘူးဒီလိုရေးဆိုတာတွေပေါ့" ဟု ပြည်တွင်းကသတင်းထောက် တဦးက သူကြုံတွေ့ရမှုကိုပြန်ပြောပြပါတယ်။

စာပေစိစစ်ရေးရဲ့ ခွင့်ပြုချက်မရဘဲဖော်ပြလိုက်တဲ့ သတင်းတွေပါလာရင် သက်ဆိုင်ရာအယ်ဒီတာအဖွဲ့တွေကို ခေါ်ယူခြိမ်းခြောက်၊ ကတိဝန်ခံလက်မှတ်တွေထိုးရတဲ့အပြင် ဂျာနယ်ထုတ်ဝေမှုကို ၂ ပတ်မှ ၁

**စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၁၅ မှ**

လထိ ရပ်ဆိုင်းပြစ်ဒဏ်ပေးတာပါ။

၂၀၀၇ လောင်စာဆီဈေးမြင့်တက်ခဲ့လို့ ဖြစ်ပေါ်လာတဲ့ စက်တင်ဘာ သံဃာ့အရေးအခင်းကြီးသတင်းတွေကို နိုင်ငံတကာမှာ ဝေဝေဆာဆာဖော်ပြခဲ့ပေမယ့် စာပေစိစစ်ရေးက ပြည်တွင်းမှာလုံးဝ ဖော်ပြခွင့်မပေးခဲ့ဘဲ အစိုးရသတင်းစာမှာဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေကိုပဲ သုံးခွင့်ရခဲ့တယ်လို့ အယ်ဒီတာတဦးကပြောပါတယ်။

၂၀၁၀ရွေးကောက်ပွဲမတိုင်မီရွေးကောက်ပွဲကာလ၊ရွေးကောက်ပွဲပြီးကာလတွေမှာလည်းသတင်းလွတ်လွတ်လပ်လပ်ရေးသားခွင့်တွေ မရခဲ့ကြပါဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ ၃ လလောက် ကထဲကထောက် ခံချက်တွေတောင်းဖို့မလိုတော့ဘဲ ခိုင်လုံတဲ့သတင်းရင်းမြစ် ဖြစ်ရင် သတင်းဖော်ပြခွင့်တွေရလာတယ်လို့ သတင်းထောက်ကသတိထား မိလာတယ်တဲ့။မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ပုံနှိပ်ထုတ်ဝေမှုမူဝါဒကို လက်ရှိအစိုးရသစ်လက်ထက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆင့်လိုက်လျှော့ပေးသွားရန်ရှိတယ်လို့ စာပေစိစစ်ရေးဌာနတာဝန်ခံ ဦးတင့်ဆွေက ပြည်တွင်းမှဖလားဝါးနယူးစ်ကို ပြောဆိုခဲ့တယ်။

အားကစား၊ အနုပညာ၊ သုတရသ၊ ကျန်းမာရေးစတဲ့ ဂျာနယ်တွေအပါအဝင် မဂ္ဂဇင်းအချို့ကို စာပေစိစစ်ရေးကို ကြိုတင်မစစ်ဆေးဘဲ ထုတ်ဝေခွင့်ရတော့မယ်ဆိုပေမယ့် အခုထက်ထိတော့စာပေစိ စစ်ရေးကို ပုံမှန်တင်နေရဆဲပါ။

အခု ချက်ချင်းကြီး အပြောင်းအလဲမဟုတ်ခဲ့ရင်တောင် စိစစ်ရေးမူဝါဒတွေကို လျှော့ပေါ့ပေးတာမျိုးတွေ၊ ထောက်ခံချက်တွေ မလိုဘဲ ဖော်ပြခွင့်တွေရချင်တယ်လို့ အယ်ဒီတာတဦးက ဆိုပါတယ်။

"စိစစ်ရေးတင်စရာမလိုတော့ဘူးဆိုတာထက် အခုရှိနေတဲ့ မူဝါဒလေးတွေကို တချက်ချင်း ဖြည့်ပေးသွားရင်တော့ ပိုကောင်းသွားမှာပေါ့။အဲဒီကနေမှတဆင့်စိစစ်ရေးတင်စရာမလိုတော့တဲ့အဆင့်ထိသွားလိုက်ရင်ပိုကောင်းမယ်" လို့ ပြောပါတယ်။ ယခုနှစ်ဆန်းပိုင်းကစပြီး ပြည်သူတွေသိသင့်တဲ့ အကြောင်း အရာတချို့ကို ဖော်ပြမှုတွေလျှော့ပေးလာပြီး ဒီ ဧပြီလထဲမှာ သိသိသာ သာဖော်ပြခွင့်ရလာတယ်လို့ တခြားအယ်ဒီတာတဦးက မဖွှဲ့မကို ပြောပြတာပါ။

"ဒီမှာလုပ်ကိုင်တဲ့သူတွေနဲ့ အပြင်မှာလုပ်ကိုင်တဲ့သူတွေ ရဲ့ တိုင်းတာမှုပုံသဏ္ဍာန်ကလည်း တူမယ်လို့မထင်ဘူး။ ဒါပေမဲ့ အခုလောလောဆယ် ရသလောက်အနေအထားကို မဆိုးဘူးလို့ ပြောလို့ရမယ်။ ကျမတို့မှာလည်း အကန့်အသတ်တော့ရှိနေတုန်းပဲ။ စာပေစိစစ်ရေးရှိနေတုန်းပဲဆိုတော့ လုံးဝပွင့်လင်းလွတ်လပ်နေတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အတိုင်းအတာတခုထိတော့ တိုးတက်လာတယ်လို့ ပြောလို့ ရပါတယ်"

ပြည်တွင်းမှဂျာနယ်တွေကို စိစစ်ရေးက နည်းနည်းလျှော့ပေးလိုက်တဲ့အတွက် ပြည်ပသတင်းဌာနတွေမှာ သတင်းရယူမှုတွေ ထိခိုက်သွားမယ်လို့မထင်ကြောင်းနဲ့ တခါတလေ ပြည်တွင်းဂျာနယ်တိုက်တွေက စာပေစိစစ်ရေးကိုတင်ရတဲ့အတွက် သတင်းနောက်ကျခဲ့တဲ့ သတင်းပေါင်း မနည်းတော့ဘူးလို့ အယ်ဒီတာတဦးက ပြော ပါတယ်။

"ပြည်ပမှာထွက်တဲ့သတင်းတွေအရင်ဦးသွားတဲ့သတင်းတွေအများကြီးပဲ။ ပြည်တွင်းကလူတွေက သိလျက်သားနဲ့ စာပေစိစစ်ရေးကိုတင်ရတဲ့အတွက် နောက်ကျသွားတာမျိုးတွေ အများကြီးရှိတယ်။ အစိုးရသစ်ယန္တရားမှာပြောင်းလဲမှုပြချင်လို့ ဒီလိုလုပ်တယ်လို့ ယူဆတယ်" လို့ သူ့ရဲ့ ထင်မြင်ချက်ကိုပြောပါတယ်။

ဂျာနယ်တိုက်တွေက စာမူကြမ်းတွေကို ဗီဒီအက်ဖ်ဖိုင်ပြောင်း၊ စီဒီနဲ့အတူ မူကြမ်းကို အောက်ခြေဝန်ထမ်းတွေစစ်ဆေးဖို့ ၃ ခု ၄ ခုမိတ္တူကူးပြီး စာပေစိစစ်ရေးကို ကြိုတင်စစ်ဆေးဖို့တင်ရတာပါ။ အဲဒီနောက် ၃ ရက်လောက်စောင့်ရပြီးနောက် ဂျာနယ်ထုတ်ဝေဖြန့်ချိရတယ်လို့ အယ်ဒီတာတဦးကရှင်းပြတာပါ။

"ခွင့်ပြုတာ၊ ခွင့်မပြုတာ နောက်ဆုံး ဆုံးဖြတ်ချက်ကို ကွန်ပျူတာထဲမှာပဲလုပ်တယ်။ စာပေစိစစ်ရေး စာရေးမကနေ စာမျက်နှာဘယ်လောက်ကနေဘယ်လောက်ထိဖြုတ်ပါ၊ ဒါမှမဟုတ် ရင်းမြစ်ကိုဖော်ပြပါဆိုတဲ့ဟာတွေကို အဲဒီအမျိုးသမီးဖတ်ပြတာကို စာပေစိစစ်ရေးကိုသွားတဲ့လူကရေးမှတ်ရတယ်။ ဒီပုံဖြုတ်ဆိုတာတွေမှတ်ရတယ်။ ပြင်တာတွေ ပြင်ပြီးတော့ မျက်နှာဖုံးကိုတခါပြန်တင်ရတယ်။ အထဲကဟာတွေကို တင်စရာမလိုတော့ဘူး။ နောက်ဆုံး ၃ ရက်ကြာ စောင့်ရတယ်"

သတင်းထောက်တွေဟာ ပြည်ပသတင်းဌာနတွေအတွက် သတင်းလိုက်ပေးတဲ့အတွက် ဖမ်းဆီးခံရသူတွေဖြစ်တယ်လို့ဆိုပါတယ်။ သို့သော် တချို့ နိုင်ငံရေးနဲ့ပတ်သက်ဆက်နွယ်မှုရှိတဲ့အတွက် ဖမ်းဆီးခံထားရသူတွေလည်းရှိနေပါတယ်။

နော်ဝေအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံ ဒီဗီဘီ သတင်းထောက် မလုလုဝင်း ၂၇ နှစ်၊ ကိုငွေစိုးလင်းကို ထောင်ဒဏ် ၁၃ နှစ်တို့ကို အီလက်ထရောနစ်အက်ဥပဒေ၊ ဗီဒီယိုအက်ဥပဒေ၊ အရေးပေါ်ပြဋ္ဌာန်းချက်တွေနဲ့ ထောင်ဒဏ်တွေချထားတာပါ။

အစိုးရသစ် သမ္မတဦးသိန်းစိန်ရဲ့မိန့်ခွန်းထဲမှာ ဒီမိုကရေစီအစိုးရအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍအရေးပါတယ်လို့ ထည့်ပြောခဲ့ပေမယ့် သတင်းလွတ်လပ်ခွင့်ကို မပေးဘဲ ကန့်သတ်မှုတွေ ဆက်လက်ရှိနေတာပါ။

စာပေကင်ပေတိုင်လို့ နာမည်ကျော်ကြားတဲ့ စာပေစိစစ်ရေးရှိနေသရွေ့ သတင်းနဲ့စာနယ်ဇင်းလွတ်လပ်မှု မရှိသေးဘူးလို့ သတင်းသမားတွေနဲ့ စာနယ်ဇင်းသမားတွေကပြောဆိုတာပါ။

"နိုင်ငံရေးဆိုတာကို ဖယ်ထား၊ ကျမတို့က နိုင်ငံတော်အစိုးရကိုလူကြီးတွေကို ဝေဖန်ရေးသားတာမျိုးအဆင့်ထိ မမျှော်လင့်ဘူး။ ကျန်းမာရေး၊ ပညာရေး၊ အဖက်ဖက်ကယိုင်နေတဲ့ပြည်သူတွေနဲ့ ပိုနီးစပ်တဲ့အကြောင်းအရာမျိုး ရေးလာနိုင်ရင်တော့ကောင်းတယ်" လို့ပြောကြပါတယ်။

"သတင်းစာလွတ်လပ်ခွင့်ဆိုတဲ့စကားကတော့ ဆင်ဆာလုံးဝမရှိတော့ဘူးဆိုတဲ့အခါကျမှ ပြောလို့ရမယ့်စကားလို့ထင်တယ်။ ဆင်ဆာလုံးဝမတင်ရဘူးဆိုရင်တော့လွတ်လပ်ခွင့်ရလာတယ်လို့ပြောလို့ရမှာပါ။ အခုဟာက စာပေစိစစ်အောက်မှာလုပ်ရကိုင်ရတာ သက်တောင့်သက်သာရှိလာတယ်။ လွယ်လွယ်ကူကူဖြစ်လာတယ်၊ ချောချောမွေ့မွေ့ ဖြစ်လာတယ်။ အခက်အခဲ နည်းလာတယ်ပေါ့နော်"

တချို့အကြောင်းအရာတွေကို ဖော်ပြခွင့်ရလာတဲ့ ပြောင်းလဲမှုတချို့တွေ့လာရပေမယ့် သက်တမ်းတလသာရှိသေးတဲ့ အစိုးရကိုရုတ်တရက် ကောက်ချက်ချဖို့စောသေးပြီး စောင့်ကြည့်ရအုံးမယ့် အခြေအနေပါပဲလို့ အယ်ဒီတာတွေကသတိထား ပြောဆိုလိုက်ကြောင်းပါ။

# ငြိမ်းချမ်းရေး ပဋိပက္ခနှင့် အကြမ်းဖက်မှု

**ခင်မမမျိုး**

နိဒါန်း

စစ်ပွဲတွေ၊ ပဋိပက္ခတွေနဲ့ အကြမ်းဖက်မှုတွေဟာ ကမ္ဘာ့လူ့အဖွဲ့အစည်းရဲ့ ငြိမ်းချမ်းရေးနဲ့ လူအများရဲ့ လုံခြုံရေးကို ထိခိုက်နေခဲ့တာ နှစ်ပေါင်းများစွာ ရှိနေခဲ့ပါပြီ။ ကမ္ဘာ့လူ့အဖွဲ့အစည်းမှာ ပါဝင်တဲ့နိုင်ငံတွေနဲ့ လူပုဂ္ဂိုလ်တွေဟာ အကြမ်းဖက်မှု (violence) အသွင်သဏ္ဍာန်မျိုးစုံကို ပဋိပက္ခ (conflicts) တွေကို ဖြေရှင်းဖို့အတွက် အသုံးပြုကြပါတယ်။ လူမျိုးစုကွဲပြားမှု၊ ဘာသာရေးအယူအဆကွဲပြားမှု၊ နိုင်ငံရေးအမြင်ကွဲပြားမှုစတဲ့ ကွဲပြားခြားနားမှုတွေ အကြားမှာ အတူတကွယှဉ်တွဲနေထိုင်မှုကို ဦးစားပေးခြင်းမရှိပဲ၊ ပဋိပက္ခတွေဖြစ်လာအောင် အကြမ်းဖက်မှု နည်းမျိုးစုံနဲ့ ရင်ဆိုင်ဖြေရှင်းမှုတွေ ပြုလုပ်ကြပါတယ်။ ကမ္ဘာ့ ငြိမ်းချမ်းရေးကို တောင်းဆိုမှုတွေ ပေါ်ထွက်နေချိန်မှာပဲ ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှခြင်းမရှိမှု၊ ဗိုလ်ကျစိုးမိုးမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ နိုင်ငံတော်အကြမ်းဖက်မှု state terrorism စတာတွေကြောင့် ပေါ်ထွက်လာတဲ့ပဋိပက္ခတွေကလဲ အများအပြားရှိနေဆဲပါပဲ။

ငြိမ်းချမ်းရေးဆိုရာဝယ်

ငြိမ်းချမ်းရေးဆိုတာကို စစ်ပွဲတွေမရှိတာ၊ စစ်ပွဲတွေအဆုံးသတ်တာလို့ လူအများက သတ်မှတ်ထားကြပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးမှာ သမိုင်းကြောင်းနဲ့ယဉ်ကျေးမှု ဓလေ့ထုံးစံပေါ်မူတည်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာရှိပါတယ်။ အတူတကွယှဉ်တွဲနေထိုင်မှု၊ အတွင်းစိတ်သဘော တည်ငြိမ်အေးချမ်းမှု၊ ထိပ်တိုက်ရင်ဆိုင် အင်အားသုံးမှုများ ကင်းဝေးမှုစတာတွေဟာ ငြိမ်းချမ်းရေးရဲ့အနှစ်သာရတွေပဲ ဖြစ်ပါတယ်။ အနောက်တိုင်း အတွေး အခေါ်တွေကနေ မြစ်ဖျားခံလာတဲ့ ငြိမ်းချမ်းရေးသိပ္ပံကတော့ စစ်ပွဲတွေမဖြစ်လာအောင် ကာကွယ်ရေးနဲ့ စစ်ပွဲတွေ အဆုံးသတ်ရေးကို အာရုံစိုက်ခဲ့ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ လေ့လာသုတေသနပြုမှုတွေဟာ တစတစနဲ့ စစ်ပွဲတွေသာ မကတော့ပဲ၊ ငြိမ်းချမ်းစွာတည်ရှိသော အနေအထား (state of peace) ကို ထိခိုက်စေတဲ့ အကြောင်းအရာတွေ ကိုပါ ချဲ့ထွင်လာခဲ့ပါတယ်။

၂၀ ရာစု ကာလ ကမ္ဘာတဝှမ်းမှာ ပေါ်ပေါက်လာတဲ့ အမျိုးသမီးလှုပ်ရှားမှုတွေကြောင့် လူတဦးချင်းစီပေါ်မှာ သက်ရောက်နေတဲ့ အကြမ်းဖက်မှု (violence) ကိုလဲ ငြိမ်းချမ်းရေး လေ့လာသူများကထည့်သွင်းလေ့လာမှုတွေ ပြုလုပ်လာကြပါတယ်။ အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများက အမျိုးသမီးများကိုတိုက် ခိုက်နေသောစစ်ပွဲတွေလို့ သတ်မှတ်ယူဆရတဲ့ အိမ်တွင်း အကြမ်းဖက်မှုနဲ့ လိင်ပိုင်းဆိုင်ရာစော်ကားမှုတွေကို မရပ်စဲနိုင်ရင် ငြိမ်းချမ်းရေးရှိမှာ မဟုတ်ဘူးလို့ ပြောဆိုခဲ့ကြပါတယ်။ လူတဦးနဲ့တဦးအကြားမှာ ဖြစ်ပွားတဲ့ အကြမ်းဖက်မှုတွေအပြင် မိမိကိုယ်ကိုထိခိုက်စေခြင်းနဲ့ သေကြောင်းကြံမှုပြုလုပ်ခြင်းတွေဟာလဲ အတွင်းစိတ်ငြိမ်းချမ်းမှု 'inner peace' မရှိခြင်း ကြောင့်လို့ယူဆပြီး၊ လေ့လာဆန်းစစ်မှုတွေ ပြုလုပ်လာကြပါတယ်။ ငြိမ်းချမ်းရေးသုတေသီတဦးဖြစ်တဲ့ Johan Galtung က ဆေးပညာနယ်ပယ်မှာ ရောဂါဘယဆိုတာကို ကျန်းမာရေးရဲ့ ဆန့်ကျင်ဘက်အနေနဲ့ သတ်မှတ်ချက်ကို နမူနာယူပြီး၊ ငြိမ်းချမ်းရေးသုတေသနနယ်ပယ်မှာ အကြမ်းဖက်မှု ဆိုတာ ငြိမ်းချမ်းရေးရဲ့ဆန့်ကျင်ဘက်အနေနဲ့ သတ်မှတ်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ အကြမ်းဖက်မှုရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့အတွက်လူ့အဖွဲ့အစည်းအတွင်းမှာ အသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ တည်ရှိနေတဲ့ အကြမ်းဖက်မှုတွေကို လျှော့ချနိုင်မှသာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ ထင်မြင်ယူဆမှုတွေ ရှိပါတယ်။အကြမ်းဖက်မှုတွေ လျှော့ချမှုဆိုတာမှာ စစ်ပွဲတွေမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကနေစပြီး၊ လူနှစ်ဦးအကြားမှာရှိနေတဲ့ အမုန်းတရားတွေ၊ ဒေါသတွေ၊ အာဃာတတွေကို လျှော့ချမှုအထိအကျုံးဝင်ပါတယ်။ ဒီလို လူ့အဖွဲ့အစည်းရဲ့ အလွှာအသီးသီးမှာအသွင် သဏ္ဍာန်အမျိုးမျိုးနဲ့ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေကို လျှော့ချတာကို 'negative peace'လို့ ခေါ်ဆိုသတ်မှတ်ကြပါတယ်။ ဥပမာ- အိမ်တွင်းအကြမ်းဖက်မှုပြုလုပ်တဲ့ အိမ်ထောင်ဘက်ကို ကွာရှင်းတာ၊ လူအများသေစေတတ်တဲ့ နယူးကလီးယား လက်နက်တွေကို လျှော့ချထိန်းချုပ်တာနဲ့ လူအချင်းချင်း ကျေးကျွန်အဖြစ် အနိုင်ကျင့်စေခိုင်းမှုတွေကို ပယ်ဖျက်ခြင်း စတာတွေ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာကို ဒီလို လျှော့ချခြင်းအသွင်နဲ့ negative peace အဖြစ် သတ်မှတ်မှုတွေရှိသလို၊ positive peace အနေနဲ့ ငြိမ်းချမ်းရေးဆိုတာ state of harmony ပေါ်ထွက်လာခြင်းလို့ သတ်မှတ်မှုတွေလဲရှိပါတယ်။ State of harmony ဆိုတာမှာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ သွေးစည်းမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တွေ့ဆုံဆွေးနွေးမှုနဲ့ အခြေခံလူသားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှု စတာတွေပါဝင်ပါတယ်။ ဒီလို state of harmony ပေါ်ထွက်လာဖို့အတွက် ငြိမ်းချမ်းရေးယဉ်ကျေးမှု Culture of Peace) ရှိဖို့ လိုအပ်ပါတယ်။ 1999 UN Declaration on a Culture of Peace မှာ ငြိမ်းချမ်းရေးယဉ်ကျေးမှုဆိုတာ လူ့ဘဝကိုလေးစားတန်ဖိုးထားခြင်း၊ အကြမ်းဖက်မှုများအားရပ်စဲခြင်း၊ အကြမ်းမဖက်ရေးသဘောတရားများကို ပညာပေးစည်းရုံးမှု၊ ဆွေးနွေးအဖြေရှာမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျင့်သုံးခြင်း၊ အခြားနိုင်ငံများ၏ နိုင်ငံတော်အချုပ်အခြာအာဏာ၊ နယ်မြေပိုင်နက်ကိုလေးစား တန်ဖိုးထားခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအား လေးစားတန်ဖိုးထား၍ မြှင့်တင်ခြင်း၊ ကျားမတန်းတူညီမျှအခွင့်အရေးများအား လေးစားတန်ဖိုးထား၍ မြှင့်တင်ခြင်း၊ ပဋိပက္ခပြဿနာများအား ငြိမ်းချမ်းစွာဖြေရှင်းခြင်း၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ ဆန္ဒဖော်ထုတ်ခွင့် စသောအခွင့် အရေးများအား လေးစားတန်ဖိုးထား၍မြှင့်တင်ခြင်း၊ လွတ်လပ်မှု၊ တရားမျှတမှု၊သည်းခံခွင့်လွှတ်မှု၊သွေးစည်းညီညွတ်မှု၊ပူးပေါင်းဆောင်

**စာမျက်နှာ ၁၉ သို့**

# လက်မှတ်ထိုးတောင်းဆိုမှုကို တက်ကြွစွာပါဝင်ကြဖို့ ဒေါ်စု တိုက်တွန်းနှိုးဆော်

**RFA । မေ ၆ ။** ။ လက်ရှိ ဒီမိုကရေစီကွန်ရက်ထဲက အဖွဲ့အစည်းတွေ လူပုဂ္ဂိုလ်တွေလုပ်ဆောင်နေတဲ့ သမ္မတဦးသိန်းစိန်ထိလက် မှတ်ထိုးတောင်းဆိုရေးလှုပ်ရှားမှုမှာ မြန်မာ့ဒီမိုကရေစီရေးကို လိုလားသူအားလုံး တက်တက်ကြွကြွပါဝင်ကြဖို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နှိုးဆော်လိုက်ပါတယ်။

"နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ တပ်မတော်ကြား အပစ်ခတ်ရပ်စဲရေး ပြည်ပကိုရှောင်ခွာသွားရတဲ့ ဒုက္ခသည်တွေနဲ့ အခြား နိုင်ငံသူနိုင်ငံသားတွေ မြန်မာနိုင်ငံကို လုံခြုံအေးချမ်းစွာပြန်လာနိုင်ရေး စသည်တို့ကို တောင်းဆိုထားတဲ့ လက်မှတ်ထိုးလှုပ်ရှားမှုအောင်မြင်ရေးအတွက် ဝိုင်းပြီး ကူညီပေးစေချင်ပါတယ်။"

RFA က အပတ်စဉ်တင်ဆက်နေတဲ့ လူထုနဲ့ ဒေါ်အောင်ဆန်းစုကြည် အမေးအဖြေကဏ္ဍအတွက် နိုင်ငံရေး အကျဉ်းသားကိုမြအေးရဲ့သမီး မဝေနင်းပွင့်သုန်ရဲ့မေးခွန်းကို ဖြေကြားရာမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုနှိုးဆော်လိုက်တာ ဖြစ်ပါတယ်။ ဒ့ါအပြင် သမ္မတဦးသိန်းစိန်ထံတောင်းဆိုတဲ့ အဲဒီ စာတွေကို နိုင်ငံခြားသားများလည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ကြောင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ရေးအတွက် အားလုံး ဝိုင်းဝန်းအကောင်အထည် ဖော်ကြစေလိုကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ထပ်မံတိုက်တွန်းထားပါတယ်။

"မြန်မာနိုင်ငံသူနိုင်ငံသားတွေမဟုတ်တဲ့သူတွေလည်း သွေးစည်းညီညွတ်မှုကိုပြသောအားဖြင့် လက်မှတ်ထိုးနိုင်ပါတယ်။ အမေထပ်ပြီးတော့ပြောချင်ပါတယ်။ အမေတို့လုပ်နေတဲ့ လက်မှတ်ထိုးလှုပ်ရှားမှုကြီးကို သမီးတို့ပြင်ပက ဒီမိုကရေစီလိုလားသူတွေ အားလုံး ဝိုင်းပြီးတော့ကူညီပံ့ပိုးပေးကြပါ၊ အင်တာနက်ကတဆင့် လက်မှတ်တွေကိုပို့ပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။"

နောက်ထပ် သောတရှင်တဦးရဲ့ မေးခွန်းကို ဖြေကြားရာမှာတော့ လက်ရှိသမ္မတဦးသိန်းစိန်ဖွဲ့စည်းလိုက်တဲ့ အကြံပေးအဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်က သတိကြီးစွာထားပြီး ကြိုဆိုလိုက်ပါတယ်။

"သမ္မတဦးသိန်းစိန်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာ အကြံပေးအဖွဲ့ဝင် ၉ ဦး ဖွဲ့စည်းလိုက်တာနဲ့ ပတ်သက်လို့ တကယ်တမ်းကို တိုင်းပြည်ကိုအကျိုးပြုနိုင်မဲ့အကြံတွေပေးနိုင်ပြီး ဒီအကြံတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက မှန်မှန်ကန်ကန် အကောင်အထည်ဖော်နိုင်မယ်ဆိုရင်တော့ ကောင်းမယ်လို့ထင်ပါတယ်။"

ဒါပေမဲ့ အဲဒီအကြံပေးကော်မတီကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ကြောင်း မိမိအနေနဲ့ လက်တွေ့လုပ်ဆောင်ချက်တွေကို မမြင်ရသေးပဲ မျှော်လင့်ချက်ထားတာမျိုးကို ယုံကြည်ခြင်းမရှိကြောင်း စသဖြင့်လည်း ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

**စာမျက်နှာ ၁၄ မှ**

စာတမ်းဖတ်ပွဲကို ဇူလိုင်လလောက်မှာ ကျင်းပဖို့ ရည်ရွယ်ထားပေမဲ့ ပြည်တွင်း-ပြည်ပ ပညာရှင်တွေဖက်က အချိန်ထပ်ယူရမယ်ဆိုရင် အချိန်တိုးမယ်လို့ ဆိုပါတယ်။

ဒီနေ့ကျင်းပတဲ့အစည်းအဝေးမှာ လက်ရှိ နိုင်ငံရေး အခြေအနေတွေကိုလည်း ဆွေးနွေးပေမဲ့ ၂၁ ပင်လုံညီလာခံကိစ္စကို အဓိကထားဆွေးနွေးတယ်လို့ ဦးအေးသာအောင်က ပြောပါတယ်။

အစည်းအဝေးကို CRPP အဖွဲ့ဝင်တွေဖြစ်ကြတဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ CRPP အဖွဲ့ဝင် ဦးပူကျင့်ရှင်းထန် စတဲ့ပုဂ္ဂိုလ်တွေတက်ရောက်ကြတယ်လို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောကြားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၁ ရာစုနဲ့ကိုက်ညီတဲ့ ၂၁ ရာစု ပင်လုံညီလာခံခေါ်ယူဖို့ ပြောကြားတာကို ပြည်တွင်း-ပြည်ပအတိုက်အခံတွေ တိုင်းရင်းသားအဖွဲ့အစည်းတွေက ထောက်ခံကြိုဆိုပေမဲ့ အစိုးရအာဘော် သတင်းစာတွေမှာတော့ ၂၁ ပင်လုံညီလာခံကို တိုက်ခိုက်ဝေဖန်ထားပါတယ်။

# ဝ တပ်ဖွဲ့ အစိုးရသစ်နဲ့ငြိမ်းချမ်းရေးအတွက်ကမ်းလှမ်း

**RFA । မေ ၂ ။** ။ UWSA ဝ ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့အနေနဲ့ သမတဦးသိန်းစိန်ရဲ့ တိုင်းရင်းသားအရေးကိစ္စ ပြောဆိုချက်တွေကို ထောက်ခံကြောင်း၊ ငြိမ်းချမ်းရေးအတွက် အစိုးရသစ်နဲ့ဆွေးနွေးဖို့တောင်းဆိုမှာဖြစ်ကြောင်း UWSA အဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က RFA ကိုပြောဆိုပါတယ်။

သမတဦးသိန်းစိန်ရဲ့ မိန့်ခွန်းပါအချက်တွေအပြင် မကြာသေးခင်ကဖွဲ့စည်းခဲ့တဲ့ နယ်စပ်ဒေသ ဗဟိုကော်မတီမှာပြောဆိုခဲ့တဲ့ သမတရဲ့ပြောဆိုချက်တွေကိုလည်း UWSA ခေါင်းဆောင်တွေက လက်ခံတယ်လို့ UWSA အဖွဲ့ပြောခွင့်ရ ဦးအောင်မြင့်ကပြောပါတယ်။

"ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့စစ်ကို မလိုလား ဘူး။ အဲဒါ သမတသစ်က ဒီ သမတဖြစ်တုန်းက သူ မိန့်ခွန်းပြောသွားတာတွေလည်း ရှိတယ်။ ကျွန်တော်တို့မှာလည်း နယ်စပ်ဒေသ ဗဟိုကော်မတီ ပြန်လည်ဖွဲ့စည်းမှုနဲ့ဆွေးနွေးပွဲမှာလည်း သူပြောသွားတာတွေအများကြီးရှိတယ်။ ဒါတွေကြားရတာ ကျွန်တော်တို့ အနေနဲ့လည်းကြိုဆိုတယ်ပေါ့ဗျာ။ ဒီလိုလည်း ဖြစ်လာအောင် ကျွန်တော်တို့လည်း အစိုးရသစ်သမတကိုလည်းတင်ပြတောင်းဆိုတဲ့ဟာမျိုးပေါ့။"

ငြိမ်းချမ်းရေးအတွက် အစိုးရသစ်နဲ့ နိုင်ငံရေးအရဆွေးနွေးဖို့ကိုလည်း တောင်းဆိုမှာဖြစ်တယ်လို့ ဦးအောင်မြင့်ကပြောပါတယ်။

မေလ ၁ ရက်နေ့ထုတ် အစိုးရသတင်းစာတွေမှာ ပြီးခဲ့တဲ့ သုံးလအတွင်း တောတွင်းလက်နက်ကိုင်အဖွဲ့အသီးသီးက လက်နက်ကိုင် ၃၈ ဦး ငြိမ်းချမ်းရေးအတွက် အလင်းဝင်ရောက်ခဲ့ကြောင်း ရေးသားဖော်ပြထားရာမှာ UWSA အဖွဲ့ဝင်တယောက် ပါဝင်နေတာနဲ့ ပတ်သက်ပြီး RFA က မေးမြန်းတဲ့အခါ ဦးအောင်မြင့်က ဒီကိစ္စမိမိတို့ မသိရှိကြောင်း၊ ဒါပေမဲ့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာဖို့လိုအပ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

UWSA အဖွဲ့ဟာ အစိုးရနဲ့ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလကစပြီး နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး၊ တပ်အသွင်ပြောင်းလဲရေးကိစ္စတွေနဲ့ပတ်သက်ပြီး သဘောထားကွဲခဲ့ပြီးတဲ့နောက် အဆက်အဆံမရှိ ဖြစ်နေခဲ့ကြောင်းသိရပါတယ်။

# မြန်မာသမ္မတဦးသိန်းစိန် ပထမဦးဆုံး နိုင်ငံခြားခရီးစဉ်ထွက်ခွာ

**VOA၊ မေ ၅။** ။ မြန်မာသမ္မတဦးသိန်းစိန်ဟာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်မှာရောက်ရှိနေပြီး အင်ဒိုနီးရှားသမ္မတ ဆူဆီလို ဘမ်ဘန်း ယူဒိုယိုနို Susilo Bambang Yudhoyono နဲ့ တွေ့ဆုံခဲ့ပါတယ်။ မတ်လ ၃၀ ရက်နေ့မှာ မြန်မာနိုင်ငံရဲ့ သမ္မတရာထူး စတင်ရယူခဲ့ကတည်းက သမ္မတဦးသိန်းစိန် ဒါဟာ ပထမဆုံး နိုင်ငံခြားခရီးစဉ်ဖြစ်ပါတယ်။

မြန်မာနဲ့အင်ဒိုနီးရှား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ဆောင်ဖို့ အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းတွေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့အပါအဝင် အခြေအနေတွေနဲ့ပတ်သက်ပြီး ဆွေးနွေးကြဖို့ ရှိပါတယ်။

အင်ဒိုနီးရှားသမ္မတအိမ်တော်မှာ တွေ့ဆုံကြတဲ့ပွဲမှာ ဘာတွေဆွေးနွေးပြောကြားခဲ့သလဲဆိုတာကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါ Marty Natalegawa က အင်ဒိုနီးရှားဘာသာစကားနဲ့ အခုလိုပြောပြခဲ့ပါတယ်။

"ခေါင်းဆောင် ၂ ယောက်တွေ့ဆုံပွဲမှာ မြန်မာသမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံထဲက တိုးတက်မှုအခြေအနေတချို့ကိုပြောပြခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းပြမြေပုံအတိုင်း တိုးတက်မှုဘာတွေရှိခဲ့တယ်ဆိုတာကိုလည်း ပြောပြခဲ့ပါတယ်။"

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါ ပြောပြခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးမှုတွေထဲမှာ လုံခြုံရေး၊ စီးပွားရေးနဲ့ယဉ်ကျေးမှု ကဏ္ဍတွေမှာလည်း ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ကြဖို့တွေလည်း ပါဝင်တယ်လို့ အင်ဒိုနီးရှားသမ္မတရဲ့ပြောရေးဆိုခွင့်ရှိသူက ဂျကာတာပို့စ် သတင်းစာကို ပြောကြားခဲ့ပါတယ်။

အာဆီယံ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားဟာ မြန်မာနိုင်ငံနဲ့ စတုတ္ထအများဆုံး ကုန်သွယ်မှုလုပ်တဲ့နိုင်ငံဖြစ်ပါတယ်။ အင်ဒိုနီးရှားကုန်ပစ္စည်း ဒေါ်လာ သန်း ၁၃၀ ကျော်ဖိုးကို မြန်မာနိုင်ငံကို တင်ပို့နေသလို မြန်မာဘက်ကလည်း အင်ဒိုနီးရှားကို ဒေါ်လာ ၃၆ သန်းဖိုး တင်ပို့နေတာဖြစ်ပါတယ်။

သမ္မတဦးသိန်းစိန်ဟာ စနေ တနင်္ဂနွေမှာကျင်းပမယ့် ၁၈ ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲကိုလည်း တက်ရောက်ဖို့ရှိပြီး မြန်မာနိုင်ငံကို အာဆီယံရဲ့အလှည့်ကျဥက္ကဋ္ဌတာဝန်ပေးအပ်ဖို့ ဖြစ်နိုင်ခြေတွေကိုတော့ အာဆီယံဝန်ကြီးများဆွေးနွေးပွဲမှာ ထည့်သွင်းဆွေးနွေးကြမှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ မှ**

ရွက်မှု၊ အများသဘောဆန္ဒအားလေးစားမှု၊ ဆွေးနွေးအဖြေရှာမှု၊ အပြန်အလှန် နားလည်မှုစသည့် သဘောတရားများလူ့အဖွဲ့အစည်းနှင့် နိုင်ငံများအကြားတွင် ပျံ့နှံ့လာခြင်းစတဲ့ သဘောတရားတွေအပေါ်မှာ အခြေခံတဲ့ စံနမူနာတန်ဖိုး သတ်မှတ် ချက်တွေ၊ ပြုမူဆောင်ရွက်မှုတွေ၊ ဘဝနေထိုင်မှုတွေ ဖြစ်ကြောင်း အဓိပ္ပာယ် ဖွင့်ဆိုထားခဲ့ပါတယ်။

ငြိမ်းချမ်းရေးဆိုတာကို ဒီလို negative peace, positive peace တွေအနေနဲ့ သတ်မှတ်မှုတွေ ရှိပေမယ့်၊ ဒီလို သတ်မှတ်မှုတွေဟာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့သာ ဆိုင်ပြီး၊ ပဋိပက္ခတွေ ပေါ်ထွက်လာတာနဲ့ state of peace ကွယ်ပျောက်သွားနိုင်ကြောင်း Galtung က ဆိုထားခဲ့ပြီး၊ ငြိမ်းချမ်းရေးဆိုတာ ပဋိပက္ခတွေကို အကြမ်းမဖက်သော အပြုအမူနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်သော စွမ်းရည်ရှိခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ ပဋိပက္ခတွေကို ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ နည်းများစွာ ရှိပါတယ်။ ဒီအထဲမှာ အကြမ်းဖက်မှုနဲ့ စစ်ပွဲတွေကတော့ ပြဿနာတွေ ဖြေရှင်းဖို့အတွက် ပေးဆပ်ရမှုများတဲ့ ဖြေရှင်းနည်းတွေပါပဲ။

အကြမ်းဖက်မှုနဲ့ စစ်ပွဲတွေကြောင့် လူပေါင်းများစွာရဲ့အသက်တွေ၊ ဘဝတွေ ပျက်စီးရုံမကပဲ၊ နောက်ဆက်တွဲအနေနဲ့စိတ်ဒဏ်ရာတွေပါ လူ့အဖွဲ့အစည်းအတွင်းမှာ ကျန်ခဲ့စေပါတယ်။ ဒါကြောင့် ပဋိပက္ခတွေကို ကိုယ်ချင်းစာနာမှု၊ တီထွင်ဆန်းသစ်မှု၊ အကြမ်းမဖက်မှုစတာတွေအပေါ်မှာ အခြေခံပြီး ကိုင်တွယ်ဖြေရှင်းနိုင်မှသာ ငြိမ်းချမ်းရေး ရနိုင်မှာဖြစ်တယ်လို့ ပညာရှင်တွေက ရေးသားတင်ပြခဲ့ကြပါတယ်။

## ဗိုလ်ကြီးဟောင်းဦးနေမျိုးဇင် အင်းစိန်ထောင်ပို့လိုက်

**RFA၊ မေ ၂။** ။ခေတ္တခဏမေးမြန်းဖို့ဆိုပြီးခေါ်ဆောင်သွားခဲ့တဲ့ ဗိုလ်ကြီးဟောင်းဦးနေမျိုးဇင်ကို အင်းစိန်ထောင်ပို့လိုက်ပြီး မကြာခင် ရုံးထုတ် စစ်ဆေးတော့မယ်လို့သိရပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၂ ရက်နေ့က အာဏာပိုင်တွေ ခေါ်ဆောင်သွားခဲ့ပြီး ဆက်သွယ်လို့မရပဲဖြစ်နေတဲ့ ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်ကို အင်းစိန်ထောင်ကိုပို့လိုက်ပြီဖြစ်လို့ လာရောက် တွေ့ဆုံနိုင်ကြောင်း မေလ ၂ ရက် ဒီကနေ့ လူတယောက်က ဖုန်းဆက်ခဲ့တယ်လို့ ဦးနေမျိုးဇင်ရဲ့ဇနီး မဇင်မျိုးက RFA ကို ပြောပါတယ်။

"ကိုနေမျိုးဇင်ကပြောခိုင်းတယ်တဲ့။ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ကိုလာတွေ့ဖို့တဲ့။ နောက်ပြီးတော့ သူလိုတဲ့ပစ္စည်းပစ္စယလေးတွေမှာတယ်။ ဖုန်းကသိပ်ပြောလို့မကောင်းဘူး။ သူတို့က အဲဒီမှာ လာတွေ့ဖို့အတွက်တဲ့ သန်းခေါင်စာရင်း၊ မှတ်ပုံတင်၊ ထောက်ခံစာ ယူခဲ့တဲ့။ မနက်ဖြန် အင်္ဂါနဲ့ ဗုဒ္ဓဟူးတဲ့၊ ဟိုး အင်းစိန်ထောင်၊ ၉ နာရီလောက်ဆို တွေ့လို့ရတယ်တဲ့။ အဲလိုတော့ ပြောတယ်။"

ဖုန်းဆက်သူရဲ့ပြောဆိုချက်အရ ဦးနေမျိုးဇင်ကို ပုဒ်မ ၃၃ အီလက်ထရွန်းနစ်ဥပဒေနဲ့ ရုံးတင်နိုင်ဖွယ်ရှိကြောင်း၊ မကြာခင် ရုံးထုတ်တော့မှာဖြစ်တဲ့အတွက် လိုက်ပါဆောင်ရွက်ဖို့ ရှေ့နေရှာထားဖို့ ပြောဆိုခဲ့ကြောင်း၊ အခုလို ဖုန်းဆက်လာတာဟာ အင်းစိန်ထောင်က တရားဝင်အကြောင်းကြားတဲ့ပုံစံမျိုးမဟုတ်ပေမဲ့၊ ဖုန်းဆက်သူဟာ အကျဉ်းဦးစီးဌာနကဝန်ထမ်းတဦးဖြစ်နိုင်ကြောင်းမိသားစုဝင်တွေကပြောပါတယ်။မဇင်မျိုးရဲ့ပြောဆိုချက်အရ ဦးနေမျိုးဇင်ကို အာဏာပိုင်တွေ ခေါ်ဆောင်သွားပြီးအိမ်မှာရှိတဲ့ကွန်ပျူတာတွေကိုစစ်ဆေးခဲ့ကြတဲ့အခါ ဘာမှထူးထူးခြားခြားမတွေ့ရှိကြောင်း လာရောက်ရှာဖွေသူတွေက ပြောတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ ဦးနေမျိုးဇင်ရဲ့လက်ပ်တော့ ကွန်ပျူတာကိုတော့ ခဏဆိုပြီး ယူဆောင်သွားခဲ့ရာမှာ ခုချိန်အထိ ပြန် မရသေးကြောင်းပြောပါတယ်။

ဗိုလ်ကြီးဟောင်းဦးနေမျိုးဇင်ဟာ လူမှုရေးလုပ်ငန်းတွေ လုပ်ကိုင်နေသူဖြစ်ပြီး NLD လူငယ်တွေဆောင်ရွက်နေတဲ့ BG ခေါ် သွေးလှူဒါန်းရေးအဖွဲ့မှာ ပါဝင်ဆောင်ရွက်နေသူတဦးဖြစ်ပါတယ်။

## မုန်တိုင်းမိရေလုပ်သားတွေ သတင်းအစအန မရသေး

**RFA | မေ ၅ ။** ။ ပြီးခဲ့တဲ့မတ်လလယ်မှာ လေပြင်းမုန်တိုင်းကြောင့် ပင်လယ်ထဲမျောပါသွားတဲ့ ရောဝတီတိုင်း၊ ဖျာပုံခရိုင် က ရေလုပ်သားတွေထဲမှာ ခုချိန်ထိ ပျောက်ဆုံးနေတဲ့သူတွေ အတော်များများရှိနေသေးသလို ကုလားထိပ်၊ ဒေါ်ညိမ်းနဲ့ကဗျက်ဆိုတဲ့ ရွာ ၃ ရွာတွေက ပျောက်ဆုံးနေသူ အယောက် ၂၀ လောက် ရှိနေတယ်လို့ RFA က စုံစမ်းသိရှိရပါတယ်။

ကုလားထိပ်ရွာက ပျောက်နေတဲ့ရေလုပ်သားက စုစုပေါင်း ၈ ယောက်ဖြစ်ပြီး ခုချိန်ထိ သတင်းအစအနမရသေးသလို အာဏာပိုင်တွေ တာဝန်ရှိသူတွေကလည်း ထိထိရောက်ရောက် ရှာဖွေကယ်ဆယ်ပေးတာမရှိဘူးလို့သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ခုချိန်ထိ ပျောက်နေသေးတဲ့ ရေလုပ်သားတွေထဲက မိသားစုဝင်တဦးက အခုလို ပြောပါတယ်။

"သူတို့ လေတိုက်ပြီး ည ၂ ချက်လောက်ကို အဲဒီဖောင်ပျက်ပြီး မျောသွားတယ်တဲ့။ အဲဒီ မျောသွားတာပဲသိလိုက်တော့တာတဲ့ နောက်ပိုင်းကို ရှာလို့ကိုမတွေ့တော့တာလို့ လိုက်ပြီးတော့ တိုင်ကြားထားတာ အဲဒီလောက်ပဲရှိသေးတာပေါ့။ အဲဒီမှာ ပျောက်နေတာတော့ အကုန်လုံး ၈ ယောက်ပဲ ကုလားထိပ်က လူချည်းပဲ။"

အဲဒီလေပြင်းမုန်တိုင်းကြောင့် ပင်လယ်ထဲမျောသွားတဲ့ ရေလုပ်သား ၁ သောင်းကျော် ၂ သောင်းနီးပါးထိရှိခဲ့ပါတယ်။ ဒီ ဖြစ်ရပ်မှာ ရေလုပ်သားတွေပျောက်ဆုံးနေသလို လုပ်ငန်းသုံးဖောင် တွေငါးဖမ်းပိုက်တွေလည်း အကြီးအကျယ်ဆုံးရှုံးကြတယ်လို့ သိရပါတယ်။

ပင်လယ်ထဲမျောသွားသူတွေထဲမှာ တချို့ကို ထိုင်းငါးဖမ်းသင်္ဘောတွေက ကယ်ဆယ်လို့ပြန်ရောက်ကြသူတွေ ရှိသလို တချို့လည်း အိမ်နီးချင်းနိုင်ငံတွေအထိ ရောက်သွားသူတွေရှိပါတယ်။ ဒါပေမဲ့ ခုချိန်ထိ သတင်းအစအနမရကြသူတွေအတွက် အသက်ဆုံးရှုံးကြပြီလို့ ကျန်ခဲ့တဲ့ မိသားစုတွေက ခန့်မှန်းနေကြပါတယ်။

## အပစ်အခတ်ရပ်စဲရေး စစ်အစိုးရကို ဖိအားပေးဖို့ ဗြိတိသျှအစိုးရကို ကြေညာချက်ထုတ် တောင်းဆို

**RFA | မေ ၅ ။** ။ မြန်မာအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေ အပစ်အခတ်ရပ်စဲရေးအတွက် နိုင်ငံတကာနဲ့အတူ မြန်မာအစိုးရကိုတိုက်တွန်းပေးဖို့ လန်ဒန်အခြေစိုက် မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့ Burma Campaign UK က ဗြိတိသျှအစိုးရကို မေလ ၅ ရက် ဒီကနေ့ ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။

ရှမ်းပြည်နယ်တွင်းကတိုက်ပွဲတွေရဲ့ လက်ရှိအခြေအနေကို မီးမောင်းထိုးပြထားတဲ့ " ရှမ်းပြည်နယ်က ပဋိပက္ခများ " ဆိုတဲ့ခေါင်းစဉ်နဲ့ Burma Campaign UK က မေလ ၅ ရက် ဒီကနေ့ ကြေညာချက်ထုတ်ပြန်တောင်းဆိုတာဖြစ်ပြီး မြန်မာအစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို အရေးယူဆောင်ရွက်နိုင်အောင် တိုက်တွန်းရတာဖြစ်ကြောင်း Burma Campaign UK ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စအင်နာ ရောဘတ်စ်ကပြောပါတယ်။

မြန်မာစစ်အစိုးရဟာ နှစ်ပေါင်း ၂၂ နှစ်တာကြာမြင့်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးကတိကိုချိုးဖောက်ပြီး မတ်လ ၁၃ ရက်နေ့က ရှမ်းပြည်တပ်မတော်ကို တိုက်ခိုက်ခဲ့တာတွေ သီတင်းသုံးပတ်အတွင်းမှာပဲ ရှမ်းပြည်နယ်မှာ တိုက်ပွဲ ၆၅ ကြိမ်ဖြစ်ပွားခဲ့တာ၊ မြန်မာစစ်တပ်ရဲ့ အရပ်သားပြည်သူတွေကို တဖက်သတ် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာ အမျိုးသမီးတွေကို မတော်မတရားကျင့်တာ အတင်းအကျပ်နေရာရွှေ့ပြောင်းခိုင်းတာနဲ့ ပေါ်တာဆွဲတာ စတဲ့အချက်အလက်တွေကိုသက်သေအထောက်အထားတွေနဲ့ တွေ့ရှိရကြောင်း၊ မြန်မာအစိုးရရဲ့ဒီလူ့အခွင့်အရေးချိုးဖောက်မှုတွေကို နိုင်ငံတကာက လျစ်လျူရှုနေတဲ့အတွက် ဗြိတိသျှအစိုးရအနေနဲ့ တိုက် တွန်းနှိုးဆော်မှုတွေပြု ဖို့Burma Campaign UK က တောင်းဆိုရတာ ဖြစ်ကြောင်း မစ္စရောဘတ်စ်က ပြောပါတယ်။

ဒီကြေညာချက်မှာ မြန်မာအစိုးရဟာ အပစ်အခတ်ရပ်စဲမှု ချိုးဖောက်ပြီး ရှမ်းပြည်တပ်မတော်နဲ့ ပဋိပက္ခဖြစ်ပွားခဲ့တာ နှစ်နှစ်အတွင်း သုံးကြိမ်ရှိသွားပြီဖြစ်ကြောင်းနဲ့ ဒီပဋိပက္ခတွေဟာ မွန်၊ ကရင်၊ ကယား၊ ရှမ်းနဲ့ကချင်ပြည်နယ်တွေကို ကူးစက်လာနိုင်မှာကို စိုးရိမ်ရတယ်လို့လည်း ဖော်ပြထားပါတယ်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်